

# ကျိုက်ထီးရိုးဘုရားသမိုင်းနှင့်ကျိုက်ထီးရိုးလမ်းညွှန်

ဦးတင်ဟိန်း

ပြုစုရေးသားသည်။

၁၃၄၅၂

ဦးတင်ဟိန်း
ပြုစုသည့်

# ကျိုက်ထီးရိုးဘုရားသမိုင်း
နှင့်
# ကျိုက်ထီးရိုးလမ်းညွှန်

[တအုပ် ၃ ကျပ်]

ဖြန့်ချိရေး
စာပေလောကစာအုပ်တိုက်
အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့။
[ဖုန်း- ၁၄၃၉၁]

[ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ် ၁၀၇၅၆]

ကျောဖုံး
ဦးစံရှိန်

---

မျက်နှာဖုံး
ဖေညွှန့်ဝေ

---

အဖုံးပုံနှိပ်
သိန်းမြင့်ဝင်း

---

ပုံနှိပ်ခြင်း
ပထမအကြိမ်
(၆၀၀၀)

---

ထုတ်ဝေနေ့
စက်တင်ဘာ၊ ၁၉၇၈

ဒေါ်ခင်လှ၊ စာပေလောကပုံနှိပ်တိုက် (၀၁၅၇၈) အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့တွင် ပုံနှိပ်၍ ဦးသိန်းရွှေ၊ ပင်းယစာပေတိုက် ( ၀၁၁၇ ) အမှတ် ၂၈၉၊ ဘားလမ်း ရန်ကုန်မြို့က ထုတ်ဝေသည်။

[စာမူ မူပိုင်သူ=ဒေါ်ခင်လှ]

# မာတိကာ


| | | | |
|---|---|---|---|
| —။ | ဓာတ်ပုံများ | .... | |
| —။ | အမှာစာ | .... | ၁ |
| ၁။ | ရသေ့ဦးခေါင်းဖြင့် ရွက်ထားသောဘုရား | .... | ၃ |
| ၂။ | သုဘိန္ဒဂရနေပြည်တော် | .... | ၅ |
| ၃။ | မင်းသားနှစ်ပါး တောထွက်ခြင်း | .... | ၇ |
| ၄။ | ဥပ္ပသာသတို့သား | .... | ၈ |
| ၅။ | တိဿမေ့သီဟရာဇာ | .... | ၁၀ |
| ၆။ | သိကြားကျောင်း | .... | ၁၃ |
| ၇။ | မြတ်စွာဘုရား ကြွလာတော်မူခြင်း | .... | ၁၄ |
| ၈။ | ဆံတော်ပေးသနားတော်မူခြင်း | .... | ၁၆ |
| ၉။ | စေတီများတည်ခြင်း | .... | ၁၈ |
| ၁၀။ | ကျိုက်ထီးရိုးစေတီ | .... | ၁၈ |
| ၁၁။ | ဒါယကာများ | .... | ၂၀ |
| ၁၂။ | ကျိုက်ထီးရိုးစေတီတော်သို့ | .... | ၂၂ |

၁၃။ ဂူငပွန်းစခန်း .... ၂၄
၁၄။ မဟာရက္ခိန္ဒနတ်ကြီး .... ၂၆
၁၅။ ခရီးအစ .... ၂၇
၁၆။ စခန်းကြီး .... ၂၉
၁၇။ စခန်းကလေး .... ၃၂
၁၈။ ဟုန်းနတ်ကြီး .... ၃၄
၁၉။ မြစေတီ-လွှမ်းစေတီ .... ၃၄
၂၀။ ကျောက်သမ္ဘာန်စေတီ .... ၃၄
၂၁။ ရွှေနန်းကျင်ကျောက်ရုပ် .... ၃၅
၂၂။ ယင်ပြင်တော် .... ၃၆
၂၃။ မဟာဣသိန္ဒေဝနတ်ကြီး .. ၃၈
၂၄။ နတ်တောင်အထိမ်းအမှတ် .. ၃၈
၂၅။ မဟာဗောဓိပင်နှင့် သိမ် .. ၃၉
၂၆။ တန်ဆောင်းစရပ်များ .. ၃၉
၂၇။ စေတီတော်ဝန်းကျင် .. ၄၀
၂၈။ နတ်ရေတွင်း .. ၄၁
၂၉။ ကျီးကန်းပါးစပ် .. ၄၁
၃၀။ နတ်စမ်း ၄၃
၃၁။ ကာကောဏ္ဍဘီလူး .. ၄၄
၃၂။ မုဆိုးတောင်စေတီ .... ၄၄
၃၃။ သဲဖြူချောက် .... ၄၅
၃၄။ ရသေ့တောင် .... ၄၅
၃၅။ တိုင်းတောင် .... ၄၆
၃၆။ ကြက်မဝပ်တောင် .... ၄၆
၃၇။ နဂါးဘုရား ဖားဘုရားနှင့် ကျောက်ကပ်ကြီး .... ၄၇
၃၈။ သမိုင်းကြောင်း .... ၄၈
၃၉။ နိဂုံး .... ၄၉

# ဓါတ်ပုံများ





စေတီရွှေချဆဲကျိုက်ထီးရိုး

ကျိုက်ထီးရိုး စေတီ
အနီးကပ်ဖူးမျှော်ပါလျှင်

ကျောက်သမ္ဗာန်စေတီ





ဣသိဒ္ဓေဝဘိုးဘိုးကြီး



ရောက်လုပြီ ~ မဝေးတော့ပါဘူ



ယင်ပြင်တော်သို့အဝင်



တောင်ပိုင်ဘိုးဘိုး၏ နတ်ကွန်း



တောင်ပိုင် ဘိုးဘိုးကြီး



မဟာရက္ခိန္ဒ ဘိုးဘိုးကြီး



ယင်ပြင်းတော်မှ မုဆိုးတောင်သို့ လှမ်းမျှော်အကြည့်

စည်ကားလှသည့်ဈေးတန်း





(တည်းခိုနားနေ စားသောက်ရန်အသွင်

ကျောက်သမ္ဘာန်
စခန်းသို့အဝင်



# အမှာစာ

ကျိုက်ထီးရိုးစေတီတော်သမိုင်း စာအုပ်များ အတော်အတန်ထုတ်ဝေခဲ့ဘူးကြပါသည်။ အားလုံးပင် စစ်ကဲကြီး ဦးနောင် ရေးသည့် မွန်စေတီတော်များ သမိုင်းပေါင်းချုပ်မူမှယူ၍ ချဲ့ထွင်ရေးသားကြခြင်းဖြစ်သည်ဟု ဆိုရပါသည်။

ကျိုက်ထီးရိုး စေတီတော်သမိုင်းနှင့်ပတ်သက်၍ ထိုးဇာတ်များသည်း ထွက်ပေါ်ခဲ့ဘူးပါသည်။ နန်းရွှေကျင် ဇာတ်လမ်းသည် ထိုးဇာတ်ဖြစ်၍ တိုင်းပြည် သူကျွန်ဖြစ်စဉ်က ဇာတ်စင်ပေါ်တင်၍ ကခဲ့ကြသည်။ လွတ်လပ်ရေး ရပြီးသောအခါ ရွှေနန်းကျင် ဇာတ်လမ်းဇာတ်ကွက်သည် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရေးတွင် အတားအဆီးဖြစ်နိုင်သည်ဟု ယူဆကာ ရပ်ဆိုင်းလိုက်ရသည့်အနေအထိ ရောက်လာသည်။

ယခုစာအုပ်ငယ်၌မူ ရွှေနန်းကျင် ဇာတ်လမ်းသည် တိုင်းရင်းသားချင်း ချစ်ကြည်ရေးအတွက် မူလ ဇာတ်လမ်းဆိုသော် ဘာအဟာနှင့်အတားမျှ မဖြစ်နိုင်ကြောင်း တွေ့လာ ရသည်။ အကြောင်းမှာ ရွှေနန်းကျင်သည်

ကရင်စော်ကဲကြီး ဘိုးကော်လွတ် နန်းကြာဟဲ တို့၏ သမီးရင်းမဟုတ်ဘဲ ဝိဇ္ဇာနှင့် နဂါးမ တို့၏ သမီးဖြစ်ကြောင်း မူလဇာတ်လမ်းမူရင်းကို ရှာဖွေတင်ပြ ထားသောကြောင့် ဖြစ်ပါသည်။

ကမ္ဘာပေါ်၌ အဆန်းကြယ်ဆုံး နေရာတွင် အံ့ဩဖွယ်ရာ နေရာ တည်ရှိနေသည့် ကျိုက်ထီးရိုးစေတီတော် အကြောင်းကို မြန်မာပြည်သူ ပြည်သားများ၏ မျက်မှောက်သို့ ကျယ်ကျယ်ပြန့်ပြန့် ရောက်အောင် စဘင်ဆောင်ရွက်သူမှာ စစ်တောင်းမြို့ မြို့ဝန် မင်းလှသင်္ဂါသူ ဖြစ်သည်ဟု စာပြုသူက ဖော်ထုတ်လိုက် လေသည်။ ထိုနောက် လှက်လှမ်းမှီသည့် ထိုအချိန် (၁၉၂၃ ခု) မှစ၍ ယနေ့အထိ မျက်မြင်အခြေအနေကိုရေးပါသည်။ သို့တစေ ရှေးသမိုင်းကြောင်းကို လက်မလွှတ်ဘဲ ဇစ်မြစ်ဆေးဆေးဖြင့် သိသင့်သိထိုက်ရာကို ခြုံ၍ ဖော်ပြထားသည်မှာ စာရှုသူများအဘို့ လွယ်လွယ်ကူကူနှင့် လိုရင်းကို ရှာချည်းရှာဖွေနိုင်ရန် အခွင့်အလမ်းတရပ် ရသည်ဟု ယူဆပါသည်။

စာပြုသူသည် ကျိုက်ထီးရိုး ဘုရားဖူးများအဘွက် ရည်ရွယ်၍ လမ်းညွှန်အဖြစ်ရေးသော်လည်း လမ်းညွှန်ရုံမျှသာမဟုတ်ဘဲ ကျိုက်ထီးရိုးစေတီတော်နှင့် ပတ်ဝန်းကျင်တဝိုက်မှ သိသင့် သိထိုက်စရာများ စုံလင်အောင် ဤစာအုပ်ငယ်က ပေးနေပါလိမ့်မည်။

ထုတ်ဝေသူ

# ရသေ့ဦးခေါင်းဖြင့်ရှက်ထားသောဘုရား

ကမ္ဘာပေါ်တွင် ဗုဒ္ဓဘာသာဝင်များ ဆည်းကပ် ကိုးကွယ်ကြသည့်စေတီများအနက် အထူးခြားအဆန်းကြယ်ဆုံး နေရာ၌တည်ထားသော စေတီတော်တဆူကို ပြပါဆိုလျှင် အနေ့ရှိုးမတောင်တန်းတွင်ပါဝင်၍ ပေ ၃၆၀၀ ကျော်မြင့်သော ရှေးက 'လုံးတင်တောင်'ဟု ခေါ်သည့် ပေါင်းလောင်း တောင်ထိပ်အစွန်းမှ ကျိုက်ထီးရိုးစေတီတော် ကို ပြရပေလိမ့်မည်။

တောင်ထိပ်အစွန်း၏ အောက်တွင် အသူဘရာ နက်သောချောက်ကြီး ရှိသည်။ ထို အစွန်းကလေးပေါ်၌ လူဦးခေါင်းသဏ္ဍာန် လုံးပတ် ပေ ၅၀ ခန့်ရှိသည့် ကျောက်လုံးကြီးကို ခပ်စောင်းစောင်းတင်၍ထားသည်။ ထိုကျောက်လုံးကြီးပေါ်တွင်မှ ညဏ်တော် ၁၅ ပေရှိသော ကျိုက်ထီးရိုး စေတီတော်သည် စံပယ်လျက်ရှိသည်။

ဤသို့ ဆိုရသော်လည်း စေတီတော်အောက်ခံ ကျောက်လုံးကြီး၏အနေအထားသည် ခပ်မှိုမှို တဘက်ခုံးနေသော ကျောက်

စွန်း ထိပ်ပေါ်၌ တည့်တည့်မတ်မတ် ရှိနေသည် မဟုတ်၊ ဘာ အကာအကွယ်မှ တွယ်မှီစရာ မရှိသော ပေ ၃၀၀၀ အောက် မယုတ်သည့်ချောက်ထဲသို့ ကျလုတဲ့ကာ တင်ထားခြင်းဖြစ်သည်။ ကျွမ်းကျင်သော အင်ဂျင်နီယာများက အောက်ခံ ခုံးယောင် ယောင် ကျောက်စွန်းကလေး ပေါ်တွင် လူဦးခေါင်း သဏ္ဌာန် စောင်းရွေရွေ ကျောက်လုံးကြီးကို ချောက်ထဲသို့ လိမ့်ကျမသွား နိုင်အောင် အလေးချိန် ချိန်ခွင်ညှာညှိပြီး ခဲရာခဲဆစ် တင်ထား သကဲ့သို့ ဖြစ်ပါသည်။ ကျိုက်ထီးရိုးစေတီ၏ ဆန်းကြယ်ထူးခြား သော ထိုအနေအထားသည်ပင် ဖူးရသူများအဖို့ ရင်တမမဖြင့် ကြည်ညိုမဆုံးနိုင်အောင် ရှိရပါသည်။

တို့အပြင် စေတီတော် တည်ထားသော ကျောက်လုံးသည် လူတယောက် အားနှင့် တွန်းလိုက်ရုံမျှဖြင့် လှုပ်နေပါသည်။ နှီးပြား တပြားဖြင့် အောက်ခံ ကျောက်စွန်းနှင့် စေတီတော် တည်ထားသော ကျောက်လုံးကြီးကိုထောက်ထားပြီး ကျောက် လုံးကြီးကို တွန်းကြည့်ပါလျှင် နှီးပြားကလေးသည် ကွေးချည် ဖြောင့်ချည်ဖြင့် ကျောက်လုံးကြီး လှုပ်နေကြောင်း ပြပါလိမ့် မည်။

ထိုစေတီတော်နှင့်ကျောက်လုံးကြီးကို မိုးကြိုးလည်း အကြိမ် ပေါင်းများစွာ ခဘူးပြီ။ ထိုဒေသတဝိုက်၌ လေကြီး မိုးကြီး ကျသည့် အကြိမ်ပေါင်းလည်း ရေတွက်နိုင်အံ့မထင်။ လျင် လှုပ်ပေါင်းလည်းများလှပြီ။ သို့သော် စေတီတော်နှင့်စေတီတော် တည်ထားသော ကျောက်လုံးကြီးကား ကျလုတဲ့ကာ အစွန်း ကလေးပေါ်၌ မတုန်မလှုပ် ရပ်တည်လျက်ပင် ရှိပါသည်။

စေတီတော်၏ ဘွဲ့မည်ရင်းမှာ 'ကျိုက်ဣသိယို' ဖြစ်သည်။ မွန်ဘာသာတဝက် သက္ကတဘာသာတဝက် ဝေါဟာရဖြစ်သည်။ 'ကျိုက်'မှာ မွန်လို'ဘုရား'၊ 'ဣသိ'မှာ သက္ကတလို'ရသေ့'၊ 'ယို'မှာ မွန်လို 'ရွက်သည့်' 'ရသေ့ရွက်ဘုရား၊ ရသေ့ဦးခေါင်းဖြင့် ရွက်ထားသောဘုရား'ဟု အဓိပ္ပာယ်ရှိပါသည်။

ထိုမွန်တဝက် သက္ကတဝက် ဝေါဟာရကိုပင် မြန်မာတို့က ကျိုက်ဣသိယို၊ ကျိုက်သိယို၊ ကျိုက်ထိရို၊ ကျိုက်ထီးရိုးဟု အသံပြောင်းလဲခေါ်ဝေါ်နေခြင်းဖြစ်လေသည်။

ဤမျှ အံ့ဖွယ်ကောင်းအောင် လူသူမနီး တောနက်ကြီးထဲမှ တောင်ထွဋ်တခုပေါ်တွင် ရှေးက ခဲရာခဲဆစ် တည်ထားခဲ့သော ကျိုက်ထီးရိုးစေတီတော်၏ (အစဉ်အလာ ပြောလာကြသော) သမိုင်းကြောင်း စကားသည်လည်း ဆန်းကြယ်လှလေသည်။ ရှေးလူကြီးသူမများ ပြောဆိုရေးသားကြသော သမိုင်းကြောင်းကား ဤသို့ဖြစ်ပါသည်။

## သုဘိန္နဂရနေပြည်တော်

အိန္ဒိယ၌ ဂေါတမမြတ်စွာဘုရား ပွင့်ကာနီး နှစ်ပေါင်း ၅၀ အလိုလောက်တွင် သုဘိန္နဂရ အမည်ရှိသော မင်းနေပြည်မြို့ကြီးတမြို့သည် ရှေးက ဂစ္ဆဂီရိတောင် ဟုခေါ်သော ဇင်းကျိုက်တောင်အနီး ရှိခဲ့ဘူးသည်။ ထိုမြို့တွင် တိဿဓမ္မရာဇာမင်းသည် သိရိကပ္ပာဒေဝီကို တောင်ညာထားကာ စံစားလျက်ရှိသည်။

ထို တိဿဓမ္မရာဇာမင်းနှင့် သိရိကပ္ပာဒေဝီမိဖုရား၏ သားတော်နှစ်ပါးတွင် သားတော်ကြီးသည် ခမည်းတော်နှင့် မျက်နှာ

သဏ္ဍာန်ကိုယ်ဟန်ပါတူသဖြင့် ခမည်းတော်၏အမည်ရင်းအတိုင်း တိဿဓမ္မဟူ၍ခေါ်၍ သားတော်အငယ်ကိုမူ ဖြေဖဝါးနှစ်ဖက်၌ ခြင်္သေ့ရုပ် စက်လက္ခဏာပါလာသောကြောင့် သီဟကုမ္မာဟု အမည်မှည့်ခေါ်လေသည်။

မင်းသားနှစ်ပါး အရွယ်သို့ရောက်လတ်သော် တိဿဓမ္မမင်းသားသည် ဤသို့ သံဝေဂ ဖြစ်ပေါ်လာလေသည်။ တလောကလုံး လူတို့သည် စက်ဆုပ် ရွံရှာဖွယ်ကောင်းလှသော အစာသစ်အိမ်နှင့် အစာဟောင်းအိမ်နှစ်ခုကြား၌ ဆင်းရဲပင်ပန်းစွာ ပဋိသန္ဓေ နေခဲ့ကြရသည်။ ဖွားမြင်ပြီးသည့်နောက်လည်း တိုတောင်းလှသော လူ့ဘဝ၏သက်တမ်းတွင် ဒုက္ခအမျိုးမျိုးခံစား၍ သေရခြင်းသာ အဆုံးဖြစ်ချေသည်။ နောက်တဖန် ဘဝသစ်ကိုပြန်ရလျှင်လည်း ဤကဲ့သို့ပင် အစအဆုံးမရှိသော သံသရာတွင် ကျင်လည်ရပေဦးမည်ဟု ဇာတိ ဇရာ မရဏတို့၏ဘေးကို တွေးတောသံဝေဂရသည်နှင့် ဘဝမှလွတ်မြောက်ပြီး ချမ်းသာကိုရနိုင်ရန် တောထွက်ကာ ရသေ့ရဟန်းပြု၍ ဈာန်သမာပတ်ကို အားထုတ်မှ သင့်တော်မည်ဟု ဆင်ခြင်မိလေသည်။

သို့ဆင်ခြင်မိသည်နှင့် ညီတော် သီဟကုမ္မာ မင်းသားအား မိမိသည် တောထွက်ပြီး ရသေ့ရဟန်းပြုကာ နေတော့မည်။ ညီတော်သာ ခမည်းတော် မယ်တော်တို့ကို စောင့်ရှောက်၍ ထီးနန်းကို စိုးစံရစ်ပေတော့ဟု မှာကြားလေလျှင် ညီတော် သီဟကုမ္မာကလည်း ထီးနန်းကိုမလိုပါ။ နောင်တော်နှင့် အတူပင် တောထွက်၍ ရသေ့ရဟန်းပြုပါမည်ဟု ပြန်ပြောလေ၏။

## မင်းသား နှစ်ပါး တောထွက်ခြင်း

တနေ့သောအခါ သုဘိန္နဂရပြည့်ရှင် တိဿမှမင်းကြီးနှင့် သီရိဇာပဝဒေဝီမိဖုရားကြီးသည် အသက်အရွယ်ကြီးရင့်လာသည့် အလျောက် ဥပုသ်ဆောင် ဝင်လိုရကား သားတော်နှစ်ပါးကို ခေါ်တော်မူ၍ ထီးနန်းနှင့်အိမ်ရှေ့အရာကို အပ်နှင်းလေသည်။

ထိုအခါ သားတော်နှစ်ပါးက မိမိတို့သည် ထီးနန်းစည်းစိမ် ကိုအလိုမရှိ၊ တောထွက်၍ ရသေ့ရဟန်းသာ ပြုလိုပါသည်ဟု လျှောက်ထားလေလျှင် မင်းကြီးနှင့်မိဖုရားသည် သားတော် များ တောထွက်ဖို့အရေးကို ခွင့်မပေးဘဲနေလေ၏။

ခမည်းတော် မယ်တော်တို့ထံမှ တောထွက်ရန် ခွင့်မရသော အခါ မင်းသားနှစ်ပါးသည် ပွဲတော်ကိုပင် မတည်နိုင်ဘဲ နေ့ကြ ရာမှ ကြာသော် အာဟာရဓာတ်ကို အမှီပြု၍ တည်နေသော ကိုယ်ခန္ဓာသည် တနေ့တခြား အသားအရေပါးကာ အရိုးပေါ် အရေတင်လျက် မတ်တပ်က လဲလုမတတ် ပိန်ချုံးချိနဲ့ လာ လေ၏။

ဤတွင်မှ တောထွက်ဖို့အရေး ခွင့်မပေးလျှင် သားတော် နှစ်ပါး၏ အသက်အန္တရာယ်သည် စိုးရိမ်ဖွယ် ဖြစ်တော့မည်၊ ခွင့်ပေးလိုက်လျှင် သတိရ မအောက်မေ့လွမ်းဆွတ်ပါက တောသို့ လိုက်၍တွေ့နိုင်သေးသည်ဟု တွေးတောကာ သားတော် နှစ်ပါး အား ရသေ့ရဟန်းပြုရန် ခွင့်ပေးတော်မူလေသည်။

ခွင့်ရသောအခါ မင်းသားညီနောင်နှစ်ပါးသည် ရသေ့တို့၏ အသုံးအဆောင်နှင့် ဆေးဝါးများကိုယူ၍ မယ်တော် ခမည်း တော်တို့ကို ကန်တော့ကာ သုဘိန္နဂရမြို့တော်၏ တောင်ဖက်

တံခါးမှထွက်ပြီးလျှင် ယနေ့ဇင်းကျိုက်တောင်ဟု အမည်တွင်နေသော ဂစ္ဆဂီရိတောင်သို့ကြွသွားကြလေသည်။ ဂစ္ဆဂီရိတောင်သို့ရောက်ကာလ အရိပ်အာဝါသ ကောင်းမွန်၍ ရေကောင်းရေသန့်ရနိုင်ပြီး သစ်ကြီး ဝါးကြီးများ ပေါများသော သင့်လျော်သည့်နေရာကို ရွေးချယ်ပြီးလျှင် ကျောင်းသခ်မ်းတဆောင်ကို ဆောက်လုပ်ကာ ညီနောင် နှစ်ပါးသည် ရသေ့အသွင်ဖြင့် ကမ္မဋ္ဌာန်း ဘာဝနာတရားကို အားထုတ်၍နေကြလေသည်။

သို့နေကြရာ၌၊ အချိန်ရှိသရွေ့ တရားတော်ကိုညှိနှိုင်းတိုင်ပင်ဆွေးနွေးနေခြင်းကြောင့် 'ငါတို့ညီနောင်သည် ယခုကဲ့သို့ အတူတကွနေထိုင်ပြီး စကား ပြောကာဖြင့် အချိန်ကုန်နေလျှင် တရားရနိုင်မည်မဟုတ်၊တဦးစီ သီးခြားနေထိုင်၍တရားအားထုတ်ပါမှသင့်တော်တော့မည်'ဟု နောင်တော်ရသေ့ အကြံ ပေါက်လာသည်နှင့် ညီတော်ရသေ့အား ယနေ့ဇွဲကပင်တောင်ဟု ခေါ်နေကြသော ဗန္ဓဝဂီရိတောင်သို့ ကြွရောက် သီတင်းသုံးစေလေသည်။ ဤကဲ့သို့ညီနောင်နှစ်ပါး သီးခြားနေထိုင်ကြပြီးကမ္မဋ္ဌာန်း ဘာဝနာတရားကို ကြိုးစားအားထုတ်ကြရာ မကြာမီ ကာလအတွင်း ရသေ့ညီနောင်နှစ်ပါးသည် လောကီစျာန်ကို ရကြလေသတည်း။

## ဥဖွားသတို့သား

ဂစ္ဆဂီရိ တောင်အနောက်ဖက်ရှိ ပင်လယ် ကမ်းခြေသည် ဥယျာဉ်ကြီးသဖွယ် သာယာလှသောကြောင့် ပင်လယ်မှ နဂါးတို့သည် လှည့်လည်လာတတ်ကြပြီး လူ့အသွင် ဖန်ဆင်းကာ စိတ်

ချမ်းသာကိုယ်ချမ်းသာနေလေ့ရှိကြသည်။ ထိုအခါက ဟိမဝန္တာ တောင်မှ ဝိဇ္ဇာဓိုရ်များသည်လည်း ဂဇ္ဈကိုရိတောင်သို့ အသွား အလာများကြသည်။

တနေ့သ၌ လူယောင်ဖန်ဆင်းကာ တောတောင် ရေမြေ၏ သာယာသောရှုခင်းတွင်ကြည်နူးနေသည့်နဂါးမနှင့် ဟိမဝန္တာမှ ဝိဇ္ဇာဓိုရ်လုလင်တဦး ကမ်းခြေတွင် ဆုံမိကြသောအခါ တဦးနှင့် တဦး မေတ္တာယိုဖိတ် ရာဂစိတ်စော ကိုယ်လက် နှီးနှောကြရာမှ နဂါးမ၌ ပဋိသန္ဓေ စွဲကပ်လေသည်။ နဂါးမသည် ပဋိသန္ဓေ ရင့်မာသည့်တိုင်အောင် စောင့်ဆိုင်းပြီးနောက် ကမ်းစပ်မှာပင် ဥနှစ်လုံးကိုအုချကာ နဂါးပြည်ကိုပြန်လေသည်။

နဂါးပြည် ပြန်သွားပြီးနောက် မကြာခင်ပင် တိဿရသေ့ သည်ဂဇ္ဈကိုရိတောင်မှ ခြေညောင်းလက်ဆန့် ကမ်းခြေသို့ ဆင်း လာခိုက် ထူးဆန်းသော ဥကြီးနှစ်လုံးကို တွေ့လေသော် ယူ၍ ကျောင်းသို့ပြန်လေ၏။ ညအချိန်ရောက်သည့်ကာလဗန္ဓဝဂိရိတောင်ရှိ ညီတော် သီဟရသေ့ကို မီးဖြင့်အချက်ပြခေါ်ပြီးလျှင် ဥကြီး တလုံးကိုညီတော်အား ပေးလိုက်လေသည်။

မဟာသက္ကရာဇ် ၇၉ ခုနှစ်၌ တိဿရသေ့ကြီး ယူသွားသော ဥမှ လူသား ယောကျ်ားကလေး ဖွားမြင်လေသည်။ ထိုထက် အချိန်အနည်းငယ် နှောင်းပြီး သီဟရသေ့ထံမှ ဥ သည်လည်း လူယောကျ်ားကလေးပင် ဖွားမြင်ပြန်သည်။

ရသေ့ညီနောင်နှစ်ပါးသည် အဓိဋ္ဌာန်ဖြင့် လက်ညှိုးမှ နို့ထွက် စေပြီး သူငယ်နှစ်ယောက်ကို ကြီးပြင်းအောင် ကျွေးမွေးခဲ့ရာ တိဿရသေ့ကြီးမွေးထားသော သူငယ်သည်ဆယ်နှစ်သားအရွယ် တွင် ကျောက်ရောဂါဖြင့် ကွယ်လွန်လေလျှင် မိတ္တီလာ ပြည်

အတုလသူဌေးသမီးနှင့်သုမင်္ဂလာဝမ်း၌သန္ဓေစွဲကပ်ပြီး မဟာသက္ကရာဇ် တရာပြည့်နှစ်၌ သားယောကျ်ားအဖြစ် ဖွားမြင်ပြန်လေ၏။

မြတ်စွာဘုရားသခင် ငါးဝါမြောက် မိတ္ထိလာပြည်သို့ ကြွတော်မူစဉ် ရှစ်နှစ်အရွယ် ရှိပြီဖြစ်သော သုမန၏သား ထိုသူငယ်သည်မြတ်စွာဘုရားအထံတော်၌သာမဏေပြု၍ ဂဝံပတိသာမဏေ ဟုဖြစ်လာသည်။နောင် ဂဝံပတိရဟန္တာဟု ကျော်ခေါ်သတည်း။

## တိဿမေ့မွှသိဟာရာဇာ

ဗန္ဓဝဂိရိတောင်မှသိဟာရသေ့ မွေးမြူထားသောသူငယ်အသက် နှစ်ဆယ်အရွယ်သို့ ရောက်ချိန်တွင် သုဘိန္ဒဂရပြည့်ရှင် တိဿမေ့မွှ ဘုရင်ကြီးသည် ဇရာဒုဗ္ဗလအရွယ်သို့ ရောက်ပြီဖြစ်၍ သူ့အိုနာဖြင့် နတ်ရွာစံလေသည်။ ထိုအခါ ထီးနန်းဆက်ခံမည့်သူ မရှိသဖြင့် သေနာပတိတို့သည် ဂဠုဂိရိ ဇင်းကျိုက်တောင်နှင့် ဗန္ဓဝဂိရိ ဇွဲကပင်တောင်တွင်နေသော တိဿရသေ့ကြီးနှင့် သိဟာရသေ့ကြီး ထံသို့ချဉ်းကပ်ပြီးလျှင် ခမည်းတော် တိဿမေ့မွှမင်းကြီး နတ်ရွာ စံလွန်တော် မူပါသောကြောင့် သုဘိန္ဒဂရ ပြည်ကို အုပ်ချုပ် မင်းလုပ်ပါမည့် အကြောင်း လျှောက်ထားကြလေသည်။

ထိုအခါ ရသေ့ညီနောင်နှစ်ပါးတို့က 'ငါတို့သည် အရွယ် ငယ်စဉ်ကပင် ထီးနန်းစည်းစိမ်ကို အလိုမရှိကြဘဲ စွန့်ပစ်ကာ တောထွက်၍ ရသေ့ရဟန်း ပြုကြလေသည်။ အရွယ်ကြီးရင့်ပြီး ရသေ့ရဟန်းဖြစ်ကာမှ ထီးနန်းစည်းစိမ်ကို သာ၍ အလိုမရှိပေ။ သင်တို့အလိုရှိခဲ့ပါလျှင် ငါတို့မွေးထားသော သားကို ဆောင် ယူ၍နန်းတင်ကြ'ဟု အမိန့်ရှိသောအခါ မှူးမတ်သေနာပတိတို့

သည့် ရှင်လန်းဝမ်းမြောက်စွာ ရသေ့နှစ်ပါးနှင့် နာဂဝိဇ္ဇာ သတို့သားကို သုဘိန္နဂရ နေပြည်တော်သို့ ဆောင်ယူကြလေ သည်။

ရသေ့ ညီနောင်နှစ်ပါးသည် သုဘိန္နဂရမြို့သို့ ရောက်လေ သော် ခမည်းတော် ဘုရင်ကြီး၏ အလောင်းကို ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးနောက် မိမိတို့နှစ်ပါး၏အမည်ကို ပေါင်းစပ်၍ နာဂ ဝိဇ္ဇာသတို့သားအား တိဿမေ့သိဟာရာဇာဟု အဲ့ခါကာ ဘိသိက် သွန်းပြီး နန်းတင်ကြလေသည်။ မိဖုရားမှာ ကျွဲခြံ ရွာသူကြီး သမီးဖြစ်သည်ဟု အဆိုရှိသည်။ သုဘိန္နဂရ နေပြည်တော်ကို လည်း သုဝဏ္ဏဘူမိ နေပြည်တော်ဟု သမုတ်လေသည်။

## ဂဝံပတိရဟန္တာ

မဟာသက္ကရာဇ် ၁၁၁ ခုနှစ်သို့ ရောက်သောအခါ ဂဝံပတိ ရဟန္တာအရှင်သည်အတိတ်ဘဝက ဖခင်နှင့်ဦးရီးတော်ခဲ့ဘူးသော တိဿရသေ့နှင့် သီဟရသေ့ထံ ကောင်းကင်ခရီးဖြင့် ကြွလာ၍ မိမိ၏အကြောင်းကို ပြောပြပြီးလျှင် မဇ္ဈိမဒေသ၌ မြတ်စွာဘုရား ပွင့်တော်မူလျက် ရှိကြောင်းနှင့် နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင် သော တရားတော်၏ ဂုဏ်တော်ကို ဟောကြားရာတွင် ရသေ့ ညီနောင်နှစ်ပါးသည် မြတ်စွာဘုရားသခင်ကို မျက်ဝါးထင်ထင် ဖူးမြင်လိုသောဆန္ဒ၊ တရားတော်ကို နာကြားလိုသောဆန္ဒ ဖြစ် လာကြသဖြင့် ဂဝံပတိမထေရ်အား မြတ်စွာဘုရားထံသို့ ပြန် ရောက်လျှင် သုဝဏ္ဏဘူမိသို့ မြတ်စွာဘုရားအား ပင့်ဆောင်ပေး ပါရန် တောင်းပန် လျှောက်ထားကြလေ၏။

ဂဝံပတိအရှင်သည် မြတ်စွာဘုရားသခင်အား သုဝဏ္ဏဘူမိသို့ ကြွရောက်ရန် ပင့်လျှင် ရဟန္တာ ၅၀၀နှင့် ကြွလာမည်ကို တန်ခိုးတော်နှင့် သိလေသဖြင့် ရသေ့ကြီးနှစ်ပါးအား နောက်ခုနစ်ရက်မြောက်သောနေ့တွင် မြတ်စွာဘုရားနှင့် တကွ ရဟန္တာ ၅၀၀ သုဝဏ္ဏဘူမိသို့ ကြွလာပါမည်။ စံကျောင်းတော်များ အသင့်စီမံထားပါဟုပြောပြီးလျှင် သုဝဏ္ဏဘူမိပြည့်ရှင် တိဿဓမ္မသီဟရာဇာမင်းကြီး၏ နန်းတော်သို့ ကြွသွားလေသည်။

နန်းတော်တွင်းသို့ ဂဝံပတိမထေရ် ကြွလာသည်ကိုမြင်လျှင် တိဿဓမ္မသီဟရာဇာ မင်းကြီးသည် ဆီးကြို၍ အဘယ်အရပ်က အဘယ်အလို့ငှာ ကြွလာပါသနည်းဟု လျှောက်ထားလေသော် "ဂဇ္ဇဂိရိတောင် တိဿရသေ့ကြီးသည် သင်မင်းကြီးကို သားအမှတ်ဖြင့် မွေးထားစဉ် ဗန္ဓဝဂိရိတောင် သီဟရသေ့ကြီးကလည်း ငါ့ကိုသားအမှတ်ဖြင့် မွေးထားပေသည်။ ဆယ်နှစ်သားအရွယ် ငါသေလွန်ခဲ့၍ မဇ္ဈိမဒေသ၌ အမျိုးသမီးတဦးတွင် ဖွားမြင်လာသည်။ အရွယ်ရောက်လတ်သော် မြတ်စွာဘုရား၏ တရားတော်ကို နာရသဖြင့် ရဟန်းဖြစ်လာသော ငါသည် ရှေးဘဝက သင်မင်းကြီး၏ ညီတော်ခဲ့ ဘူးသည်။ ဤနေ့မှစ၍ ခုနစ်ရက်မြောက်သောနေ့တွင် မြတ်စွာဘုရားသခင်သည် သုဝဏ္ဏဘူမိသို့ ရဟန္တာငါးရာနှင့်အတူ ကြွလာတော်မူလိမ့်မည်။ သင်မင်းကြီးသည် စံကျောင်းတော်များကို စီစဉ်ထားသင့်သည်"ဟု ပြောပြီးလျှင် မင်းကြီးနှင့်တကွ မိဖုရားကြီးအား စရိုက်နှင့်လျော်ညီစွာ သင့်လျော်သောတရားကို ဟောကြားကာ ကောင်းကင်ခရီးဖြင့် မဇ္ဈိမဒေသသို့ ကြွတော်မူလေသည်။

# သိကြားကျောင်း

ဂဝံပတိ ရဟန္တာပြန်ကြွသွားပြီးနောက် ရသေ့ညီနောင်သည် နန်းတော်သို့ဝင်လာပြီး သားဖြစ်သူ ဘုရင်ကြီးအား မဇ္ဈိမဒေသ၌ ပွင့်တော်မူသော မြတ်စွာဘုရားသည် နောက် ခုနစ်ရက်ကြာလျှင် ရဟန္တာ ငါးရာနှင့်ကြွလာတော် မူလိမ့်မည်။ စံကျောင်းတော်များနှင့် တကွ ဆွမ်းဘောဇဉ်တို့ကို အသင့် စီစဉ်ထားဘို့ မိန့်တော်မူလေ၏။

တိဿမေ့သိဟရာဇာမင်းကြီးလည်း မှူးမတ်တို့ကို ခေါ်တော်မူ၍ မဇ္ဈိမဒေသမှ ဘုရားအမှူးရှိသော ရဟန္တာ ငါးရာသည် ခုနစ်ရက်မြောက်သောနေ့တွင် ကြွရောက်လာလိမ့်မည်။ ဘုရားရှင်နှင့် ရဟန္တာငါးရာ သီတင်းသုံးရန် ဘုရားရှင်နှင့် ထိုက်တန်သော ကျောင်းတော်ကြီးကို ခုနစ်ရက် အတွင်း ပြီးအောင် ဆောက်လုပ်စေဟု အမိန့်ရှိလေ၏။

မှူးမတ် သေနာပတိတို့သည် မြတ်စွာဘုရားနှင့် နောက်ပါ ရဟန္တာ ၅၀၀ သီတင်းသုံးနေထိုင်ဘို့ ကျောင်းတော်ဆောက်လုပ်ရန်အတွက် သုဝဏ္ဏဘူမိ နေပြည်တော်၏ လေးပြင်လေးရပ်သို့ လှည့်လည်၍လက်သမားရှာပါသော်လည်း ခုနစ်ရက်အတွင်း ပြီးမြောက်အောင် ဆောက်လုပ်ပေးနိုင်မည့် လက်သမားကို ရှာဖွေ၍ မရှိဖြစ်လေ၏။ ထိုအကြောင်းကို သိကြားမင်းသည် နတ်တို့၏တန်ခိုးဖြင့်သိ၍ လက်သမားအသွင်ဆောင်ပြီးခုနစ်ရက်အတွင်း ပြီးစီးအောင် ဆောက်လုပ်ပေးနိုင်ကြောင်း တာဝန်ယူဆောက်လုပ်လေသည်။

ဘုရင်မင်းကြီးသည် ကြီးကျယ်ခမ်းနား ဆန်းပြားလှသော ကျောင်းတော်ကြီးကို ခုနစ်ရက်အတွင်း အပြီးဆောက်လုပ်ပေးသော လက်သမားအားဆုလာဘ်များစွာပေးလေရာလက်သမားက မည်သည့်ဆုလာဘ်ကိုမျှမယူဘဲ ကျောင်းတော်ကြီးကို ဘုရားရှင်အား ရေစက်သွန်းချလှူဒါန်းသောအခါ ရအပ်သောကုသိုလ်အဖို့ကိုသာ အမျှပေးဝေပါတော့ဟု ပြောလေလျှင် ဤ လက်သမားကား လူသားမဟုတ်၊ သိကြားမင်း ဖြစ်တန်ရာ၏ဟု အကဲခတ်မိကြလေကုန်၏။

## မြတ်စွာဘုရား ကြွလာတော်မူခြင်း

ဂဝံပတိမထေရ်သည် မြတ်စွာဘုရားသခင်အား ရှိသေစွာရှိခိုးလျက် သုဝဏ္ဏဘူမိနေပြည်တော်၌ မိမိ၏ဖခင်ဖြစ်ခဲ့ဘူးသော ရသေ့နှစ်ပါးနှင့် တိုင်းသူပြည်သားတို့အား တရားဒေအေးအမြိုက်ဆေးကို တိုက်ကျွေးတော်မူရန် ဒေသစာရီကြွချီတော်မူပါမည့်အကြောင်း လျှောက်ထားတောင်းပန်လေလျှင် သုဝဏ္ဏဘူမိ၌ ရသေ့အများနှင့် များစွာသော တိုင်းသူပြည်သားတို့ အကျွတ်တရားရအံ့သည်ကိုင်၊ ဆံတော်ဓာတ်များ ကာလရှည်စွာတည်လျက် သာသနာထွန်းကားမည့်အကြောင်းများကိုင်၊ သဗ္ဗညုတဉာဏ်ဖြင့် သိမြင်တော်မူ၍ ဂဝံပတိမထေရ် လျှောက်ထားတောင်းပန်ချက်ကို ခွင့်ပြုတော်မူလေ၏။

ထိုအခါ သိကြားမင်းသည် အတုလဘဂဝါ သီတင်းသုံးရန် မုခ်လေးဖက်ရှိသောပြသာဒ်၊ အဂ္ဂသာဝကနှစ်ပါး သီတင်းသုံးရန် မုခ်နှစ်ဖက်ရှိသောပြသာဒ်၊ ကြွင်းသောသာဝကတို့ သီတင်း

သုံးရန်မုခ်တဖက်ရှိသောပြသာဒ် အစရှိသဖြင့် ၅၀၀သောပြသာဒ်ကိုဖန်ဆင်း၍ သုဝဏ္ဏဘူမိသို့ကြွလျှင် ဤ ယာဉ်ပြသာဒ်များကို စီးနင်းပြီး ကြွတော်မူပါရန် လျှောက်ထားလှူဒါန်းလေသည်။

မြတ်စွာဘုရားသခင်သည် နံနက်မိုးသောက်အလင်းသို့ရောက်လတ်သော်၊ သရဒပုဏ္ဏမာတွင် ငါးပြာအန္တရာယ် ရှင်းရှင်းပယ်လျက် ကြယ်တာရာနက္ခတ်တို့ ဝန်းပယ်ခြံရံကာ ယုဂန္ဓိုရ်တောင်ဦးမှ ကွန့်မြူး၍ထွက်လာသော တန်ဆောင်မုန်း လပြည့်ဝန်းကြီးကဲ့သို့ ရတနဂန္ဓကုဋိတိုက်တော်မှ ထွက်ကြွတော်မူပြီးလျှင် သံဃာထေရ်ပျံ ဝဲယာရံလျက် ကျောင်းတော်မှဆင်းသက်တော်မူလျက် မုခ်လေးဖက်ရှိသော ပြသာဒ်တွင် သီတင်းသုံးနေတော်မူ၏။ အဂ္ဂသာဝကနှစ်ပါးတို့သည် မုခ်နှစ်ဖက်ရှိသော ပြသာဒ်တို့၌ရှင်း၊ ကြွင်းသောရဟန္တာတို့သည် မုခ်တဖက်ရှိသော ပြသာဒ်တို့၌ရှင်း၊ သီတင်းသုံးနေတော်မူကြလျှင် နတ်ယာဉ်ပျံ ၅၀၀ သည် အာကာသ ခရီးဖြင့် သုဝဏ္ဏဘူမိသို့ ရှေးရှုကာ ပျံသွားလေ၏။

သုဝဏ္ဏဘူမိသို့ ရောက်သောသကာလ ဘုရားအမှူးရှိသော ရဟန္တာ ၅၀၀ တို့သည် သိကြားမင်း ဆောက်လုပ်ထားသော ကျောင်းတော်သို့ ဆင်းသက်တော်မူရာ ရသေ့ညီနောင်နှစ်ပါးနှင့် တိဿမင်းသီဟရာဇာမင်း၊ မှူးမတ်သေနာပတိတို့သည် ဆီးကြိုပင့်ဆောင်ကြလေသည်။ များစွာသောမြို့သူမြို့သားတို့သည် မြတ်စွာဘုရား၏ ကိုယ်တော်မှ နီပြာညိုမောင်းပြိုးပြိုးပြက်ပြက်ဖြင့်တခဲနက်သော ရောင်ခြည်တော်ခြောက်သွယ်တို့သည် ပြောင်ပြောင်ထွန်းလင်းလျက်ရှိသည်ကို မျက်ဝါးထင်ထင် ဖူးမြော်ရလျှင် ဝမ်းသာရွှင်လန်း ပီတိလျှမ်းလျက်ရှိကြကုန်၏။

မြတ်စွာဘုရားသည် ကျောင်းတော်သို့တက်တော်မူကာ မြတ်သောဘုရားနေရာ၌ သီတင်းသုံးတော်မူ၏။ ရဟန္တာ ၅၀၀ တို့လည်း နေရာအသီးသီး၌ သီတင်းသုံးနေကြကုန်၏။ ရသေ့ ညီနောင်နှစ်ပါးနှင့် တိဿမွေသီဟရာဇာမင်းသည် ကျောင်းတော်ကြီးကို ရေစက်သွန်းချလှူဒါန်းလေ၏။ ထို့နောက် မွန်မြတ်သောဆွမ်းခဲဘွယ်တို့ဖြင့်လုပ်ကျွေးပြီး အထူးထူးသော လှူဖွယ်ဝတ္ထုတို့ဖြင့် လှူဒါန်းပူဇော်ခြင်းအမှုကို ပြုကြကုန်၏။ ဘုရားရှင်သည် ရောက်လာကုန်သောပရိသတ်တို့အား ဒေသနာခရေအေးကို တိုက်ကျွေးတော်မူလေ၏။

မြတ်စွာဘုရားသခင်သည် သိကြားမင်း ဆောက်လုပ်ထားသောကျောင်းတော်၌ ဖလသမာပတ် မြတ်သောချမ်းသာခြင်းဖြင့် နေလင့်တော်မူ၏။ ရဟန္တာ ၅၀၀ တို့သည်လည်း သင့်တင့်လျောက်ပတ်သောနေရာတွင် ဈာနသုခ ဖလသုခဖြင့် မွေ့တော်မူကြကုန်၏။ ဥပါသကာ ဥပါသိကာတို့သည် ပန်းနံ့သာဆီမီးတို့ကိုလက်စွဲလျက် တရားတော်ကိုနာအံ့သောငှာ ကျောင်းတော်သို့လာကြကုန်၏။ ဤနည်းအားဖြင့် ခုနစ်ရက်ပတ်လုံး တရားစည်ကြီးကို ရိုက်တီးလျက် များစွာသော တိုင်းသူပြည်သားတို့အား အကျွတ်တရား ရစေကုန်၏။

## ဆံတော်ပေးသနားတော်မူခြင်း

သုံးလူထွဋ်ထား သဗ္ဗညုဘုရား မြတ်စွာဘုရားသည် သိကြားမင်းဆောက်လုပ်အပ်သော ကျောင်းတော်၌ ဂဇ္ဇဂိရိ (ဇင်းကျိုက်တောင်)မှ တိဿရသေ့၊ ဗန္ဓဝဂိရိ (ဇွဲကပင်)တောင်မှ သီဟရသေ့၊

ကေလာသတောင်မှ ကေလာသရသေ့၊ ကုသိနာရုံတောင်ရသေ့၊ ဒိုးကမော့ခတွန်ဂုလိုင်(ကျိုက်ထီးရိုးတောင်)မှ ဗုဒ္ဓဉာဏရသေ့၊ ဒိုးလွန်းဘောင်ရသေ့၊ မဲလံတောင်ရသေ့၊ မုတ်လအီးတောင်ရသေ့၊ ကျိုက္ခမီတောင်မှကပ္ပိန္နရသေ့၊ ဒိုးယွန်းတောင်ရသေ့၊ ဆောင်ခဲဘောင်မှအလ္လကပ္ပရသေ့၊ ဇိုတ်သိုတ်ကျွန်းမှ နတ်ဘီလူး ညီနောင်တို့နှင့် မင်းမိဖုရားပရိသတ်တို့အား တရားရေအေး တိုက်ကျွေးပြီး မဇ္ဈိမဒေသသို့ပြန်လည်ကြွကာနီးတွင် တိဿရသေ့အမှူးရှိသော ရသေ့များက မြတ်စွာဘုရားထံပါးသို့ချဉ်းကပ်၍ ဘုန်းတော်ကြီးသော အရှင်ဘုရား၊အရှင်ဘုရားပြန်လည်ကြွမြန်းတော်မူပြီးနောက် ထာဝစဉ်ကိုးကွယ်နိုင်ရန် အရှင်ဘုရားကိုယ်စား တစုံတရာသောဝတ္ထုကို ပေးသနားတော်မူပါဘုရားဟု တောင်းပန်သောအခါ ဦးခေါင်းတော်ကို လက်ျာလက်ဖြင့်သုံးသပ်တော်မူရာ ပါလာသော ဆံတော်ခေတ်မြတ်တော်ကို ရသေ့အားလုံးနှင့်ဘီလူးညီနောင်နှစ်ဦးအား နှစ်ဆူစီပေးသနားတော်မူလေ၏။

ဘုရားရှင်သည် ရသေ့တို့အား ဆံတော်မြတ်ကို ပေးသနားတော်မူပြီး ကျောင်းတော်၌ သီတင်းသုံး၍ ခုနစ်ရက်မြောက်သောနေ့တွင် ပြာသာဒ်ယာဉ်သာ ထေရ်၅၀၀နှင့် မဇ္ဈိမဒေသသို့ ကောင်းကင်ခရီးဖြင့် ပြန်ကြွတော်မူလေ၏။ ရသေ့များနှင့် သိကြားမင်းလည်း မိမိနေရာဌာနသို့ ပြန်လေ၏။ ဘုရင်မိဖုရားနှင့်တိုင်းသူပြည်သားတို့လည်း မိမိတို့နေရာသို့ အသီးသီး ပြန်ကြလေကုန်၏။ သိကြားမင်း ဖန်ဆင်းသော ကျောင်းတော်ကြီးလည်း အလိုလိုကွယ်လေ၏။

## စေတီတော်များတည်ခြင်း

ရသေ့များသည် ဆံတော်ဓာတ်မြတ်ကိုရရှိပြီးနောက် ဂစ္ဆဂီရိတောင် တိဿရသေ့သည်ဇင်းကျိုက် စေတီကိုလည်းကောင်း၊ ဗန္ဓုဂီရိတောင် သီဟရသေ့သည် ဇွဲကပင်စေတီကိုလည်းကောင်း၊ ကေလာသ ရသေ့သည် ကေလာသစေတီကိုလည်းကောင်း၊ ကုသိနာရုံတောင် ရသေ့သည် ကုသိနာရုံစေတီကိုလည်းကောင်း၊ ကျိုက္ခမီမှ ကပ္ပိန္နရသေ့သည် ယခုကျိုက္ခမီ ဘုရားစံတော်မူရာအောက်ရှိ ကျောက်ဆောင်၌လည်းကောင်း၊ မုတ်လအီတောင်ရသေ့သည် မုလအီနှင့်မုလအစေတီနှစ်ဆူကို ဒေါနတောင ထိပ်၌လည်းကောင်း၊ ဒိုးကမော့ခတွန်ဂလိုင်တောင် ရသေ့သည် အသက်ကြီး၍ သေလုနီးပါးမှ သိကြားမင်း၏အကူအညီဖြင့် ယခုကျိုက်ထီးရိုးစေတီကိုလည်းကောင်း၊ တည်ထားခဲ့ကြလေသည်။

'ဒိုးကမော့ ခတွန်ဂလိုင်' ဆိုသည်မှာ မွန်ဘာသာ ဖြစ်၍'ဒိုး' တောင်၊'ကမော့'ကျောက်၊'ခတွန်' အလုံး၊'ဂလိုင်' များသော၊ 'ကျောက်အလုံးများ ပေါများသောတောင်' ဟု အနက်ရှိပါသည်။ ထိုတောင်မှ ကျောက်လုံး အများအပြားသည် တလုံးပေါ်တလုံးဆင့်၍ သဘာဝအတိုင်း တည်နေသည်ကိုအစွဲပြုပြီး ရှေးမြန်မာများက 'လုံးတင်တောင်'ဟု ခေါ်ကြသည်။ ယနေ့ အရှေ့ရိုးမတောင်တန်းအတွင်း ပါဝင်နေသော ပေါင်းလောင်းတောင်စွယ်ပင်ဖြစ်ပါသည်။

## ကျိုက်ထီးရိုးစေတီ

မဟာသက္ကရာဇ် ၁၁၈ခုနှစ်တွင် အိုမင်းမစွမ်းရှိနေပြီ ဖြစ်သော လုံးတင်တောင်မှဗုဒ္ဓဉာဏရသေ့ကြီးသည် မိမိဇ၀ိန္ဒြေ ပြတ်ကြွေ

တွေ့မည်ကိုသိသည်နှင့် (မူကွဲများ၌ တိဿရသေ့ဟု တွေ့သည်။ တိဿရသေ့ကြီးသည်ဂဏ္ဍိရိ ဇင်းကျိုက်တောင်တွင် နေသော ရသေ့ဖြစ်၍ ၎င်းရရှိထားသောဆံတော်မြတ်ကို စောစောကပင် ဇင်းကျိုက်တောင်၌ စေတီတည်ထားပြီး ဖြစ်သည်။) ဆံကျစ်ကြား၌အမြဲထား၍ ကိုးကွယ်သော မြတ်စွာဘုရား၏ ဆံတော်ဓာတ်မြတ်နှစ်ဆူကို စေတီတည်ထားရန် အကြံဖြစ်လေသည်။

ထိုအကြံကို သိကြားမင်းသိလေရကား ရသေ့ကြီးထံ ချဉ်းကပ်ပြီးရသေ့ကြီး၏ အလိုတော်အတိုင်း စေတီတော်တည်ရပါမည့်အကြောင်း လျှောက်ထားလေလျှင် ရသေ့ကြီးက 'ငါသည်မြတ်စွာဘုရား၏ဆံတော်ဓာတ်မြတ်ကိုရပြီးသည့်အချိန်မှစ၍ငါ၏ဦးခေါင်းထက် ဆံကျစ်ထဲ၌ ထည့်ကာ ယနေ့တိုင် ကိုးကွယ်ခဲ့သည်။စေတီတည်လိုပါက ငါ၏ ဦးခေါင်းသဏ္ဌာန်နှင့် တူသောကျောက်လုံးတွင် ဌာပနာ၍ တည်လေ'ဟု ခွင့်ပြုတော် မူလေသည်။

သိကြားမင်းသည် ဗုဒ္ဓဉာဏရသေ့ကြီးထံမှ ဆံတော်ဓာတ်ကို စေတီတည်ခွင့်ရပြီဟူ၍ တိဿဓမ္မသီဟရာဇာ မင်းကြီးအား မှာကြားလေလျှင် ဘုရင်ကြီးသည် များစွာသော ဗိုလ်ပါပရိသတ်တို့ခြံရံလျက် လုံးတင်တောင်သို့ ထွက်တော် မူလာလေ၏။ သိကြားမင်းလည်း ရသေ့ကြီး၏ ဦးခေါင်းသဏ္ဌာန် တူသောကျောက်လုံးကြီးကို ပင်လယ်မှယူကာ လုံးတင်တောင်စွန်းတွင်တင်၍ ရသေ့ကြီးအားပြလေသော် ရသေ့ကြီးနှစ်ခြိုက်ရကားကျောက်လုံးကိုထွင်း၍ဆံတော်နှစ်ဆူကို ဌာပနာပြီး ကျောက်လုံးပေါ်၌ စေတီငယ်တဆူကို ဘုရင်ကြီးနှင့် အတူ တည်လေ၏။ စေတီတည်ပြီးလတ်သော် ရသေ့ကြီးလည်း လွန်လေ၏။

ရသေ့ကြီး၏ ဦးခေါင်းနှင့်တူသော ကျောက်လုံးကြီးပေါ်တွင် စေတီတော်တည်ထားသည်ကို အစွဲပြု၍ ထိုစေတီကို ရသေ့ရွက်ထားသောဘုရား 'ကျိုက်ဣသိယို' ဟု မွန်တို့က ခေါ်ကြသည်။ ကာလရှောင်းသော် ကျိုက်ဣသိယိုမှ ကျိုက်သိယို၊ ကျိုက်ထိရို၊ ကျိုက်ထီးရိုးဟု အဆင့်ဆင့်ပြောင်းလဲ၍ မြန်မာစာတဝက်၊ မွန်တဝက် ဝေါဟာရပုံစံဖြင့် ခေါ်တွင်လာခြင်းဖြစ်သည်။

ဤသည်မှာ ရှေးလူကြီး သူမများ ပြောဆိုရေးသားထားကြသော ကျိုက်ထီးရိုးစေတီသမိုင်းပင် ဖြစ်ပါသတည်း။

## ဒါယကာများ

မြတ်စွာဘုရားသခင် သက်တော်ထင်ရှား ရှိစဉ်ကတည်းက ရသေ့ သိကြား သုဘိန္နဂရပြည့်ရှင် တိဿမွေသီဟရာဇာ မင်းကြီး တည်ထားခဲ့သော ကျိုက်ထီးရိုး စေတီတော်သည် နှစ်ပေါင်း ၂၄၀၀ ကျော် တောနက်ကြီးအတွင်း၌ တိမ်မြုပ်နေရာမှ ပထမစတင် တွေ့ရှိသူမှာ စစ်တောင်းမြို့ဝန် မင်းလှသခ်သူ ဖြစ်လေသည်။

စစ်တောင်းမြို့ဝန် မင်းလှသခ်သူသည် မြန်မာ သက္ကရာဇ် ၁၁၇၅-ခု၊ (အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲမတိုင်မီ တနှစ်အလို၊ ခရစ်နှစ် ၁၈၂၃)တွင် ဆင်ကြော့ရန် တောလည်စဉ် အရှေ့ရိုးမ အပါအဝင် ပေါင်းလောင်း တောထွဋ်အစွန်း၌ ချောက်ထဲသို့ ကျလုလုတဲကာ လူ့ဦးခေါင်း သဏ္ဌာန် ကျောက်လုံးကြီးပေါ်မှ သုံးတောင်မျှ မြင့်သော စေတီတော်ကို ဖူးတွေ့ရလျှင် အံ့ဩ

ကြည်ညိုလှသဖြင့် ခြုံနွယ်ပိတ်ပေါင်းတို့ကို ခုတ်ထွင်ရှင်းလင်းကာ စစ်တောင်းမြို့သို့ပြန်ပြီး မြို့သူမြို့သားများကို ဆော်သြ၍ ထိုနှစ်တွင်ပင် စေတီတော်ကလေးကိုငုံလျက် ဉာဏ်တော် ၁၂ တောင် မြင့်အောင်စေတီသစ်တည်လေသည်။ စစ်တောင်းမြို့မှ စေတီတော်သို့ အရောက် လမ်းဖောက်ကာ နှစ်စဉ် သင်္ဘင်ပန်းလ ဖြစ်သော နတ်တော်လ၌ ဘုရားပွဲတော်ကျင်းပရန်လည်း စီစဉ်လေသည်။

ထိုနောက် နှစ်ပေါင်း ၈၀ အကြာ (တတိုင်းပြည်လုံး သူ့ကျွန်ဖြစ်၍ အင်္ဂလိပ် လက်အောက်သို့ ၁၈ နှစ် ကျရောက်ပြီးသည့်ကာလ) သက္ကရာဇ် ၁၂၆၅၊ (ခရစ်နှစ် ၁၉၀၃) ခုနှစ်တွင် စတင်ပြီး ကျိုက်ထီးရိုးစေတီတော်ကို အင်္ဂလိပ်အစိုးရ အသိ အမှတ်ပြု ဂေါပကလူကြီးအဖွဲ့ဖြင့် စတင်ပြီး စေတီတော်၏ ဘဏ္ဍာရေးနှင့်တကွ ကိစ္စအရပ်ရပ်ကို ဆောင်ရွက်ရလေသည်။ ထိုပထမဆုံး ဖွဲ့စည်းလိုက်သော ဂေါပကအဖွဲ့ဝင်လူကြီးများမှာ အမိန့်တော်ရ ဦးဘိုးရိပ်၊ ဦးဘိုးပိန်၊ ဦးမိုး၊ ဦးထွန်းအောင်နှင့် ဦးပန်းခိုင်တို့ဖြစ်ပြီး ယင်းဂေါပကအဖွဲ့က စေတီတော်ကို ရွှေသင်္ကန်းကပ်ကာ ကြေးထီးသစ်တင် လှူဒါန်းခဲ့သည်။

ထိုနောက် နှစ်ပေါင်း ၃၀ အကြာခရစ်နှစ် ၁၉၃၃၊မြန်မာသက္ကရာဇ် ၁၂၉၅ ခုနှစ် တပေါင်းလပြည့်နေ့တွင် ဂေါပကလူကြီးသစ်များ ဖြစ်ကြသော ဆရာကြီးဦးသိန်း၊ဦးဘိုးလုံ၊ဦးအုန်းရွှေ၊ ဦးလှမောင်၊ဦးရွှေဖိ၊ ဦးချစ်ရွှေနှင့် ဦးဘတင်တို့က ကျိုက်ထီးရိုး စေတီတော်ကို ရွှေသင်္ကန်း အပြည့်ကပ်၍ ငွေထီးသစ် တင်လှူလေသည်။

ထိုနောက် ၁၁ နှစ်အကြာ (ခရစ်နှစ် ၁၉၄၄ ခု၊ မြန်မာပြည်အား ဂျပန် အုပ်စိုးနေချိန်) မြန်မာ သက္ကရာဇ် ၁၃၀၆ ခုနှစ်

၁၃၄၅၂

တပို့တွဲ လပြည့်နေ့၌ ကျွန်းတော ဆရာတော်၊ ဝါးဖြူတောင် ဆရာတော်၊ ခရိုက်ဝန်ထောက်ကြီး ဦးမြဒင်နှင့် ဒါယကာ များက ကျိုက်ထီးရိုးစေတီတော်ကို ရွှေလုံးပြည့်ချ၍ ငွေထီးသစ် တင်လှူလေသည်။

ထိုနောက် နှစ်ပေါင်း ၂၀ အကြာ ခရစ်နှစ် ၁၉၄၄ ခု၊ မြန်မာသက္ကရာဇ် ၁၃၂၆ ခု တပေါင်းလပြည့်နေ့ (လွတ်လပ်ရေး ရပြီး၁၅နှစ်အကြာ)တွင် မိုးကုတ်မြို့ ဦးအောင်ချိန်နှင့် ဒါယကာ များက စေတီတော်ကို ရွှေလုံးပြည့်ချ၍ ရွှေထီးသစ် တင်လှူလေသည်။

ထိုနောက် ၈ နှစ်ကြာ၊ခရစ်နှစ် ၁၉၇၂ ခု၊ မြန်မာသက္ကရာဇ် ၁၃၃၄ ခု တပေါင်းလပြည့် နေ့၌ ရန်ကုန်မြို့ သိမ်ကြီးဈေး (ဒီ)ရုံ စိန်ဥဒေါင်း ဇာဘော်လီ ဆိုင်ပိုင်ရှင် ဦးမောင်ဟိန်နှင့် ဒါယကာများက ကျိုက်ထီးရိုး စေတီတော်ကို ရွှေလုံးပြည့်ချပြီး ငွေထီးသစ် တင်လှူလေသည်။

ဤသည်မှာ(ခရစ်နှစ် ၁၈၂၃ ခု) မြန်မာသက္ကရာဇ် ၁၁၈၅ ခု နှစ်မှ(ခရစ်နှစ် ၁၉၇၂ ခု) မြန်မာသက္ကရာဇ် ၁၃၃၄ ခုနှစ်အထိ၊ နှစ်ပေါင်း ၁၄၉ နှစ်အတွင်း ကျိုက်ထီးရိုးစေတီတော်မြတ်အား ရွှေသင်္ကန်းအပြည့်ကပ်၍ ထီးတော်သစ်တင်လှူကြသောဒါယကာ များဖြစ်သည်ဟု မှတ်သားရပါသည်။

## ကျိုက်ထီးရိုး စေတီတော်သို့

တောရိပ်တောင်ရိပ်များဖြင့် သာယာလှပြီး ကမ္ဘာပေါ်တွင် အထူးခြားဆုံး အဆန်းတကြယ် အဖြစ်ဆုံး တည်ထားသော

ကျိုက်ထီးရိုး စေတီတော်သို့ မြန်မာပြည်အရပ်ရပ်မှ မော်တော်ကားများဖြင့်ရင်း၊ မီးရထားဖြင့်ရင်း သွားရောက်ဖူးမျှော်နိုင်ကြပါသည်။

## ခရီးလမ်းစဉ်

| | | |
|---|---|---|
| ရန်ကုန်မှ | | |
| ပဲခူး | ၅၅ | မိုင် |
| ဝေါ | ၂၂ | မိုင် |
| စစ်တောင်း | ၁၆ | မိုင် |
| ကျိုက်ထို | ၁၆ | မိုင် |
| ကင်ပွန်းစခန်း | ၁၂ | မိုင် |
| ကျိုက်ထီးရိုးဘုရားသို့ | ၈ | မိုင် |
| မော်လမြိုင်မှ | | |
| မုတ္တမသို့ကူးတို့ဖြင့် | ၃ | မိုင် |
| သထုံ | ၃၉ | မိုင် |
| ကျိုက်ထီးရိုးသို့ | ၄၁ | မိုင် |

မီးရထားဖြင့်သွားလိုသော် ရန်ကုန်မှဖြစ်စေ၊ ပဲခူးလမ်းခွဲဘူတာမှဖြစ်စေ မော်လမြိုင်သွား မီးရထားကိုစီး၍ စစ်တောင်းမြစ်၏ အရှေ့ဖက်ကမ်း ဒေသ၌ရှိသော ကျိုက်ထိုဘူတာတွင် ဆင်းရပါမည်။ ကျိုက်ထိုမြို့တွင် ကျိုက်ထီးရိုးစေတီတော်၏ ခြေတော်ရင်း တောင်ခြေစခန်းဖြစ်သော ကင်ပွန်းစခန်းသို့ ဘုရားဖူးများအား ပို့ဆောင်ပေးနေသည့် မော်တော်ကားများအသင့်

ရှိနေပါသည်။ မော်လမြိုင်ဖက်မှ လာလျှင်လည်း မုတ္တမ–ရန်ကုန် ရထားကိုစီး၍ ကျိုက်ထိုဘူတာတွင် ဆင်းရမည်ပင်ဖြစ်သည်။

မော်တော်ကားဖြင့် သွားလိုကြလျှင်လည်း ရန်ကုန်မှ မော်လမြိုင်သွား ကားလမ်းအတိုင်း ၁၀၄ မိုင်၊ ပဲခူးလမ်းခွဲကမူ ၅၄ မိုင်တွင် ကျိုက်ထိုမြို့ရှိပါသည်။ (စစ်တောင်းမြစ်ကူး တံတားသည် ပေ ၂၃၁၁ ပေရှည်သည်။) မော်လမြိုင်ဖက်မှဆိုပါသော် မော်လမြိုင် တဖက်ကမ်း မုတ္တမမှ မိုင် ၈၀ မောင်းလိုက်ပါက ကျိုက်ထိုမြို့သို့ရောက်ပါမည်။ ကျိုက်ထိုမှကင်ပွန်းစခန်းသို့ ၉မိုင် သာဝေး၍ ၁၉၂၄ ခုနှစ်တွင် အစိုးရကထိုလမ်းကို ကတ္တရာခင်း ထားပြီးဖြစ်ပါသည်။

## ကင်ပွန်းစခန်း

ကျိုက်ထီးရိုးတောင်ခြေတွင် အရိပ်အာဝါသ ကောင်းပြီး စိမ်းလန်းစိုပြေနေသော တောအုပ်အတွင်းမှကင်းပွန်းစခန်းသည် ရောက်လာသူအပေါင်းအား စိတ်အေးချမ်းသာစွာ ရှိအောင် စွမ်းဆောင်နိုင်ပါသည်။ ကားများ၊ နွားလှည်းများ၏လမ်းဆုံး စခန်းဖြစ်သည့်အတိုင်း ပွဲတော်ရက်များတွင် ကြက်ပျံမကျ စည် ကားသည်ဆိုသည်မှာ ဤနေရာမျိုးပင်ဖြစ်လိမ့်မည်။ ဘုရားဖူး များ တည်းခိုနားနေနိုင်ရန် ဇရပ်ကြီးများနှင့် ကြည်လင်အေးမြ သော ရေရရှိနိုင်သော ရေတွင်း ရေကန်များလည်း လုံလောက် အောင်ရှိပါသည်။ စားသောက်ဖွယ်ရာ ရောင်းချသောဆိုင်များ၊ ကျိုက်ထီးရိုး လက်မှုပညာသည်များ၏ ဆိုင်များ၊ အနယ်နယ် အရပ်ရပ်မှ ပစ္စည်းမျိုးစုံ လာရောက်ရောင်းချသူများနှင့် တော

တောင်တခွင်မှ ဆေးမြစ်ဝါးမြစ် ဆေးပင်ဝါးပင်နှင့် ဂမုန်းပင်များကို ရှာဖွေရောင်းချသူများလည်း ရှိလေသည်။

ကင်ပွန်းစခန်းမှ ကျိုက်ထီးရိုးစေတီတော်အရောက် လူသွားလမ်းအတိုင်း ခြေလျင်သွားကြရမည်ဖြစ်ရာ အထုပ်အပိုး လေးလေးပင်ပင် ပါသူများ၊ချီပိုး၍မသွားနိုင်သော နို့စို့နို့ညှာအရွယ်ကလေးငယ်များနှင့် လူအိုလူမင်းများအတွက် ကင်ပွန်းစခန်းရှိအခြေခံအလုပ်သမားအစည်းအရုံးမှ အကူအညီရယူနိုင်ပါသည်။

အလုပ်သမားရုံးတွင် ဆယ့်သုံးလေးနှစ်သားအရွယ် အထမ်းသမားကလေးတွေမှအစ အသက်လေးငါးဆယ်အရွယ် သန်သန်မာမာဗလကောင်းကောင်း အထမ်းသမား အမျိုးသမီး အမျိုးသားကြီးများအထိ ထမ်းနိုင်ပိုးနိုင်သူ အစားစား ရှိပါသည်။ သူတို့သည် ကင်ပွန်းစခန်းမှ စေတီတော် ယင်ပြင်ပေါ် အထိ ပိသာချိန်နှုန်းထားများဖြင့် ထမ်းခရွက်ခ ယူကြပါသည်။လမ်းမလျှောက်နိုင်သော အဖိုးအို အမယ်အိုများကို စောင်ပုခက်ထဲထည့်ကာ နှစ်ယောက်ထမ်းကြသည်။ လူအိုလူမင်းဟု ဆိုသော်လည်းပိန်သူနှင့်ဝသူ ဈေးတူယူကြသည်တော့ မဟုတ်ပါ၊ ပိသာချိန်ဖြင့်ရင်း၊ နို့စို့နို့ညှာ ကလေးများကို ခါးထစ် ခွင်၍ ရင်း၊ ကျောပိုး၍ရင်း၊ပွေ့ချီ၍ရင်း၊ ကလေးငယ် သက်သက် သာသာ လိုက်နိုင်သည့်နည်းဖြင့် ပို့ကြပါသည်။

ရိုးမှာစေတီတော်အထိခုနစ်မိုင်ခွဲမျှသာဝေး၍ တော်တော်ခက်ခဲသောလမ်းမဟုတ်ပါ။ ဖြေးဖြေးသက်သာသုံးနာရီလောက်လျှောက်ရုံဖြင့် ရောက်နိုင်ပါသည်။ရွှေရင်ဆို့၊စိုင်တမော့၊ဘိုးပြန်တောင်ဆိုသောစခန်းတို့မှာ နာမည်ကြီးပါသော်လည်း စင်စစ်ဘာမျှမဟုတ်ပါ။ ဆင်ခြေလျှော တောင်တက်ကလေး တက်ရ

ရှိနှင့်အနည်းငယ်မတ်သည်ဟု ဆိုသောနေရာတွင် လှေကားများ လုပ်ထားသဖြင့် သုံးထပ်တိုက် တက်ရသလောက် ခဲယဉ်းလှသည် မဟုတ်ပေ။

အများအားဖြင့် စေတီတော်သို့ တက်ကြသည်မှာ ညနေစောင်းအချိန် သို့မဟုတ် ညဉ့်ဦးပိုင်း အချိန် သို့မဟုတ် သန်းခေါင်ကျော်မှ တက်ကြသည်ကများပါသည်။ ညဉ့်အချိန်သည် အေးသဖြင့် မခမာမပန်းဘဲ လျှောက်နိုင်ကြသောကြောင့်ပင် ဖြစ်သည်။ ညဖက်တက်ကြသည် ရှိသောအခါ မီးတုတ်မီးတိုင် များညှိ၍ တက်ကြရသည်ဖြစ်ရာ တောင်ရိုးလမ်း တလျှောက် မီးတိုင် မီးတုတ်ကြီးများသည် နိမ့်ချည် မြင့်ချည်၊ ကွေ့ချည် ကောက်ချည်၊ တက်ချည်ဆင်းချည်ဖြင့် မျက်စိတဆုံး မီးတန်းကြီးလှုပ်ရှားနေပုံမှာ ကြည့်၍ ကောင်းလှပါသည်။

ကင်ပွန်းစခန်းတွင် မီးတုတ်မီးတိုင်ဆောင်းသော ဆိုင်များရှိ၍ လမ်းတလျှောက်လုံး စခန်းကိုင်းတွင်လည်း ထိုဆိုင်မျိုး အများအပြားရှိပါသည်။ ထို့ကြောင့် တနေရာတွင် မီးတိုင်ငြိမ်းသွားလျှင် သို့မဟုတ် ကုန်သွားလျှင် ထိုအနီးမှာပင် မီးတိုင်အသစ်ဝယ်ယူနိုင်သောဆိုင်ကို တွေ့ရပါလိမ့်မည်။

## မဟာရက္ခိန္ဒနတ်ကြီး

ရှေးစကားအရ ကျိုက်ထီးရိုးစေတီဘုရား တောတောင်၏ နယ်နိမိတ်ကို စောင့်ရှောက်နေမည့် နတ်ကြီးများ ရှိသည်ဟု ယုံကြည်ချက်ဖြင့် သက္ကရာဇ် ၁၂၆၅ခုနှစ်တွင် တက်လာသော ဂေါပကလူကြီးများ ဖြစ်ကြသည့် ဦးဘိုးရိပ်၊ ဦးဘိုးပိန်၊ ဦးခိုင်၊

ဦးထွန်းအောင်နှင့် ဦးမိုးတို့သည် ကျိုက်ထီးရိုးတောင်ကို တန်ခိုးတော်ကြီးလှသော မဟာရက္ခိန္ဒနတ်မင်းကြီး၊ ထိုနတ်မင်းကြီး၏ တပည့်ကျော် ယက္ခဒေဝသူရဲကြီးနှင့် စီးတော်ကျားကြီး စောင့်နေကြောင်း နောင်းလူများသိအောင် ကင်ပွန်းစခန်း၌ မဟာရက္ခိန္ဒနတ်ကွန်းကြီး ဆောက်လုပ်ထားခဲ့ကြပါသည်။

## ခရီးအစ

၁။ ကင်ပွန်းစခန်း ခေါ် ကင်ပွန်းချောင် စခန်းမှ ထွက်သည်နှင့်
၂။ ဆင်ဆွဲလမ်းစခန်း
၃။ ရေမြောင်းကလေးစခန်း
၄။ ရိုးပင်စခန်း
၅။ ညောင်ပင်စခန်း
၆။ မရမ်းတပင်စခန်း
၇။ ဇင်ပြွန်းပင်စခန်း

ကင်ပွန်းစခန်းမှ ဇင်ပြွန်းပင် စခန်းအထိ တမိုင် ရှိပါသည်။ ကြားတွင်စခန်းဟု အမည်အမျိုးမျိုး ပေးထားပါသော်လည်း ကျကျနန ဘုရားဖူးများနားနေနိုင်သည့် စခန်းမျိုး မဟုတ်ပါ။ လေးတိုင်စိုက်၊ တောင်ထန်းရွက်မိုးပြီး ရောင်းစရာပစ္စည်းကလေးများရှေ့ချကာ ရောင်းနေသည့် ဈေးသည်ကလေးမျိုး တဦးစ နှစ်ဦးစရှိသော စခန်းမျိုးသာ ဖြစ်ပါသည်။ ဤတမိုင် ခရီးတွင် စခန်းဟုအမည်ခံထားသောနေရာ (၇) ခုရှိနေသဖြင့် တစခန်းနှင့် တစခန်း တဖာလုံမျှသာ ဝေးသည်ကို သတိချပ်ဖို့ လိုပါသည်။

လမ်းတလျှောက်၌ ထိုကဲ့သို့ပင် အမည်သာရှိသော စခန်းကလေးပေါင်း များစွာရှိ၍ နှီးဗျပ်ကလေး လမ်းပေါ်ချကာ စိမ်ပြေနပြေ တနေကုန်တနေခမ်း တနေရာတည်း၌ မရွှေ့စတမ်း လမ်းပြင်နေသူများကိုလည်း တွေ့ရပေမည်။ ထိုပုဂ္ဂိုလ်များ၏ ကောင်းမှုကြောင့် ကျိုက်ထီးရိုး စေတီတော်သို့ သွားရာလမ်းသည် ချောမွေ့နေသဖြင့် မိုးရွာလျှင် တဘိုင်းဘိုင်း လဲကျမည်ကိုပင် စိုးရိမ်ရပေသည်။

ဇင်ပြွန်းပင်စခန်းမှသည်

၈။ ရွှေရင်ဆို့စခန်း
၉။ ရွှေရင်သာစခန်း
၁၀။ ကဒပ်ချောင်းလမ်းခွဲစခန်း
၁၁။ သစ်ချပင်စခန်း
၁၂။ ရေတံခွန်စခန်း
၁၃။ ရွှေးပင်စခန်း

ထိုအထိ ကင်ပွန်းစခန်းမှ နှစ်မိုင်ရှိသည်။

ရွှေရင်ဆို့စခန်းဟူသည်မှာခပ်မတ်မတ် တက်ရသောကြောင့် ရွှေရင်ဆို့နိုင်၍ ဖြစ်သည်။ တက်စရာခရီးတထောက် ကုန်သော နေရာကိုမူ ရွှေရင်သာစခန်းဟု ခေါ်ကြသည်။

ရွှေးပင်စခန်းမှသည်

၁၄။ ကွမ်းသီးမြေပင်စခန်း
၁၅။ အောက်ကျောက်ဖျာစခန်း

၁၆။ မြင်တော်မူ စခန်း၊ (ထိုစခန်းမှနေ၍ ကျိုက်ထီးရိုး စေတီတော်ကို လှမ်း၍မြင်နိုင်ပါသည်။ ဤစခန်း၌ မှန်ပြောင်း အငှားဆိုင်များရှိသည်။ မှန်ပြောင်းဖြင့် ကျိုက်ထီးရိုး စေတီတော်ကို မျှော်ကြည့်ချင်လျှင် ကြည့်ခနှုန်းထားကိုပေး၍ ကြည့်နိုင်သည်။)

၁၇။ ရေမြောင်းကြီးစခန်း

၁၈။ ပန်းခတောင်စခန်း

ထိုအထိကင်ပွန်းစခန်းမှ သုံးမိုင် ရှိသည်။

## စခန်းကြီး

ဒေသခံများက 'စခန်းကြီး' ဟုခေါ်သော ရေမြောင်းကြီးစခန်း တွင် ဂေါပကအဖွဲ့က ဘုရားဖူးများ နားနေဘို့အတွက် ဇရပ်ကြီး များ ဆောက်ထားပါသည်။ ရေအလွန်ကောင်းသဖြင့် စမ်းရေ ချိုးလိုသူများအတွက် စိတ်ချမ်းသာနိုင်မည်ဖြစ်သော နေရာဖြစ် သည်၊ ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင်၊ မုန့်ပဲသွားရည်စာဆိုင်မှစ၍ စားသောက်ဆိုင်ကြီးများရှိပြီး ကျိုက်ထီးရိုးတောင်လမ်းရှိစခန်း များအနက်အကြီးအကျယ် အစည်ကားဆုံးစခန်းကြီးဖြစ်သည်။ စမ်းချောင်းတွင် မချိုးလိုပါက အမျိုးသမီးရေချိုးဆိုင်၊ အမျိုး သားရေချိုးဆိုင်၊ ရေလှဲ၊ ဆပ်ပြာ၊ သနပ်ခါး၊ ဘီး၊ မှန်နှင့် အခန့် သား ရှိကြပါသည်။

ထိုစခန်းတွင် ကျိုက်ထီးရိုးစေတီတော် သမိုင်း၌ မပါလျှင် မပြီးသော ဇာတ်လမ်းတပုဒ်ရှိလေသည်။

သုဘိန္ဒဂရုပြည့်ရှင် တိဿ ဓမ္မ သီဟ ရာဇာ မင်းကြီးသည် သိကြားမင်းနှင့်အတူ ကျိုက်ထီးရိုးစေတီတော်ကိုတည်ပြီး တိုင်းပြည်သို့အပြန်လမ်း၌ မဲသနုရွာစော်ကဲကြီး ဘိုးတော်လွှတ်နှင့် နန်းကြာဟဲတို့၏သမီး ရွှေနန်းကျင်ကို ကောက်ယူတော်မူလေသည်။ သို့ကောက်ယူတော်မူစဉ် မင်္ဂလာအခမ်းအနား၌ ဘိုးတော်လွှတ်တို့ကိုးကွယ်သော ဟုန်းနတ်ကြီးက သူ့ကိုမပသဘဲ မေ့လျော့နေရပါမည်လားဟု စိတ်ဆိုးကာ ဘုရင်နှင့်ပါသွားသော ရွှေနန်းကျင်အား ဖျားနာအောင် ဖမ်းစားလိုက်လေသည်။

နန်းတော်၌ ဖျားနာလျက်ရှိသော ရွှေနန်းကျင်၏သတင်းကို ဘိုးတော်လွှတ်ကြားသော် မင်္ဂလာဆောင်စဉ်က ဟုန်းနတ်ကြီးအား မပူဇော်မိသောကြောင့်ဖြစ်ရမည်ဟု သတိရသည်နှင့် သားဖြစ်သူ ပန်းတင်ကိုခေါ်ကာ နန်းတော်သို့လိုက်လာလေသည်။ နန်းတော်သို့ရောက်၍ သမက်ဖြစ်သော ဘုရင်ကြီးအား အကျိုးအကြောင်းပြောပြသောအခါ ဘုရင်ကြီးသည် ရှေးရိုးရာ အစဉ်အလာအတိုင်း လုပ်သင့်သည်ဟုယူဆပြီး ရွှေနန်းကျင်ကို ဖခင်နှင့်အတူ မဲသနုရွာသို့ပြန်၍ ဟုန်းနတ်ကြီးအား ပူဇော်ရန်ခွင့်ပြုလေသည်။ ဟုန်းနတ်ကြီးကို ပူဇော်ပြီးပါက ရက်မဆိုင်းဘဲပြန်ခဲ့ပါဟုလည်း မှာလိုက်လေသည်။

သားအဖသုံးဦးသည် နန်းတော်မှထွက်၍ မဲသနုရွာသို့ပြန်ခဲ့ကြရာ တောင်ကျစမ်းရေ လှိုင်လှိုင်စီးဆင်းနေသော ရေမြောင်ကြီးသို့ ရောက်သောအခါ တွေ့နားကြလေသည်။ ဤသို့မိဖုရားဘပါး စခန်းချနားနေရာကိုအစွဲပြု၍ ရှေးက ဤနေရာကိုစခန်းကြီးဟု ခေါ်ပါသော်လည်း ယနေ့တွင် ရေကောင်းလှသော

ရေမြောင်ကြီးကြောင့် ရေမြောင်ကြီးစခန်းဟု ခေါ်တွင်လေသည်။

ထိုနေရာ၌ သားအဖသုံးဦး အမောပြေ နားနေကြသည်ကို ဟုန်းနှတ်ကြီးမြင်လေလျှင် 'ငါ့ကိုမမွာမခန့်ပြုသူများ ငါ့ပိုင်နက်အတွင်းသို့ ဝင်ရောက်လာချေပြီ၊ ငါ ကြံစည်နှိပ်စက်ရာ ခံရပေတော့မည်'ဟု သဘောထား၍ အခါအခွင့်ကို လင့်နေလေ၏။ ရေမြောင်ကြီးစခန်းကား ဤသို့ နောက်ခံသမိုင်းရှိနေသောစခန်းတည်း။

ပန်းမတောင်စခန်းမှသည်

၁၉။ မဟာမြိုင်စခန်း
၂၀။ ကွမ်းသီးသုံးပင်စခန်း
၂၁။ ထိန်ပင်စခန်း
၂၂။ သရက်ပင်စခန်း
၂၃။ ဘိုးပြုန်တောင်စခန်း
၂၄။ ဘန့်ဘွေးပင်စခန်း

ထိုစခန်းအထိ ကင်ပွန်းစခန်းမှ ၄ မိုင်ရှိသည်။

ဘိုးပြုန်တောင်သည် အနည်းငယ် မတ်စောက်သည်ဖြစ်၍ အဘိုးကြီးများ ထိုတောင်ကုန်းကိုမတက်နိုင်ဘဲ လှည့်၍ပြန်လေ့ရှိသောကြောင့် ဘိုးပြုန်တောင်ဟူ၍ ခေါ်ခြင်းဖြစ်သည်ဟု အဆိုရှိသည်။

၂၅။ သပြေညိုစခန်း
၂၆။ အောက် စိုင်တမော့စခန်း
(ထိုအထိ ကင်ပွန်းစခန်းမှ ၆ မိုင်ရှိသည်။)
၂၇။ အထက်စိုင်တမော့စခန်း
၂၈။ အထက်ကျောက်ဖျာစခန်း
၂၉။ စခန်းကလေး

## စခန်းကလေး

တဖြေးဖြေး ကျိုက်ထီးရိုး စေတီရောက်ရန် နီးလာပြီဖြစ်၍ ခပ်မတ်မတ်တောင်တက်ကလေးများ၊ တောင်ကုန်းကလေးများကို ရံဖန်ရံခါ ကျော်တက်ကြရသည်။ စိုင်တမော့စခန်းသည် စိုင်တကောင် မော့ကြည့်ရလောက်အောင်မတ်သည်ဟု ဆိုလိုရင်းဖြစ်သည်။ သို့သော် ဘုရားဖူးများသည် မောသည်ပန်းသည်ဟု မထင်မှတ်ကြပါ။ ဘုရားဖူးပြီးဆင်းလာသူများက "အမျှဗျို့ အမျှ၊ နီးပါပီ၊ဖြေးဖြေးတက်ပါ"ဟုရင်း၊ အောက်မှတက်နေသူများကလည်း "သာဓုပါဗျာ သာဓုပါ၊ နောက်ထပ် မောစရာများ တော်တော်ကျန်သေးသလား" ဟုရင်း ရယ်မောပျော်ရွှင်စွာ ပခုံးချင်းရှောင်၍ တက်ဆင်းနေကြသည်မှာ မပျော်ဘယ်မှာရှိပါလိမ့်။

ရေမြောင်ကြီးစခန်း၌ အမောအပန်းဖြေပြီး မဲသနရွာသို့ ဆက်လာကြသော ရွှေနန်းကျင်တို့သားအဖသုံးဦးသည် စခန်းကလေးသို့အရောက်တွင် ခေတ္တနားကြပြန်သည်။ ထိုစဉ် အရိပ်အခြေကို ကြည့်နေသော ဟုန်းနတ်ကြီးသည် အချိန်တန်ပြီဟု

ယူဆကာ သူ၏စီးတော်ကျားနှင့် သားအဖသုံးဦးကိုတိုက်လေ၏။ တောထဲမှ ဟိန်း၍ခုန်ထွက်လာသောကျားကြီးကို မြင်သောအခါ သားအဖသုံးဦးသည် ကျိုက်ထီးရိုးစေတီတော်သို့ တက်ရာလမ်းအတိုင်း စွပ်၍ပြေးကြလေသည်။ မောင်နှင့် ဖခင်မှာ ယောကျ်ားကြီးများဖြစ်သည့်အလျောက် လျင်လျင်မြန်မြန်ပြေးနိုင်ကြသော်လည်း ရွှေနန်းကျင်မှာမူ မိန်းမသားဖြစ်သည်က တကြောင်း ကိုယ်လေးလက်ဝန် ရှိနေသည်ကတကြောင်းကြောင့် ကျိုက်ထီးရိုး ဆံတော်ရှင်သာ ကိုးကွယ်ရာရှိပါတော့သည်။ ကယ်တော်မူပါဘုရားဟု မြည်တမ်းရင်း နောက်ကျကျန်ရစ်ခဲ့လေသည်။ သို့သော် ကျိုက်ထီးရိုး စေတီတော်မြတ်၏ တန်ခိုးတော်ကြောင့် နောက်မှ လိုက်လာသောကျားသည် ပန်းတင် ကျောက်ကြီးသို့အရောက်တွင် ရှေ့သို့ဆက်မလိုက်တော့ဘဲ ရပ်တန့်နေရစ်ခဲ့လေသည်။ ရွှေနန်းကျင်မှာ ပန်းတင်ကျောက်ကြီးကို လွန်သွားသဖြင့်သာ ကျားလက်မှ သီသီကလေး လွတ်သွားလေသည်။

**စခန်းစဉ်အတိုင်းမှာ စခန်းလေးမှ**

၃၁။ ပန်းတင်ကျောက်စခန်း
၃၂။ မြစေတီနှင့် လွမ်းစေတီစခန်း
၃၃။ ရွှေရင်အေးစခန်း
၃၄။ ကျောက်သမ္ဘာန်
၃၅။ ရွှေနန်းကျင်နတ်ကွန်း
၃၆။ ရေတိုင်ကီကြီး

ထို့နောက်

၃၇။ ကျိုက်ထီးရိုး စေတီတော် ယင်ပြင်သို့ ရောက်
တော့ရာ

စခန်းပေါင်း (၃၇)စခန်း၊ မိုင်ပေါင်း ကင်ပွန်း စခန်းမှ (၇)မိုင်ခွဲ ရှိလေသည်။

## ဟုန်းနတ်ကြီး

စခန်းစဉ် အလိုက် သမိုင်းကြောင်းကို ပြန်ကောက်ရသော် ဟုန်းနတ်ကြီး တိုက်လွတ် လိုက်သော စီးတော်ကျားကြီးသည် ကျိုက်ထီးရိုးစေတီတော်၏ တန်ခိုးတော်ကြောင့် ရွှေနန်းကျင် နောက် ပန်းတင်ကျောက်ကြီး အသိသာ လိုက်ပါနိုင်သည်။ ကျားကြီးရပ်တန့်သည့်နေရာ၌ ဂေါပကအဖွဲ့က အထိမ်းအမှတ် အဖြစ် ဟုန်းနတ်ကြီးနတ်ကွန်း ဆောက်လုပ်ထားပါသည်။

## မြစေတီလွှမ်းစေတီ

မြစေတီနှင့် လွှမ်းစေတီနှစ်ဆူမှာခုနှစ် ၁၉၃၅ခုနှစ်ထဲတွင် ဘုရားဒါယကာဦးမြနှင့် ဦးလွန်းတို့ တည်ထားသော ကောင်းမှု ဖြစ်ပါသည်။ ဘုရားဒါယကာနှစ်ဦး၏ အမည်ကို အစွဲပြုပြီး မြစေတီနှင့်လွှမ်းစေတီဟု ခေါ်နေခြင်း ဖြစ်ပါသည်။

## ကျောက်သမ္ဗာန်စေတီ

ကျောက်သမ္ဗာန်စေတီမှာ ကျိုက်ထီးရိုးသမိုင်းအရ သိကြား မင်း ပင်လယ်ထဲမှ ရှာဖွေပေးသော ဗုဒ္ဓဉာဏ ရသေ့ကြီး၏ ဦးခေါင်းသဏ္ဍာန် ကျောက်လုံးကြီးကို တိဿမေမွသီဟရာဇာမင်း

ကြီးက သင်္ဘောဖြင့်တင်လာရာတွင် ထိုသင်္ဘောသည်ကျိုက်ထီးရိုး စေတီတော်၏ အနောက်ဖက်ချောက်ကြီးထဲသို့ ကျောက်ဖြစ်ကာ နှစ်မြုပ်သွားသည်။ သင်္ဘောပေါ်မှ သမ္ဗာန်ငယ်သည် ယခုနေရာမှာပင် ကျောက်ဖြစ်၍ ကျန်ရစ်ခဲ့သည်။ ထိုကျောက်သမ္ဗာန်ပေါ်တွင် လူတို့က စေတီငယ်တည်ထားပြီး ကျောက်သမ္ဗာန်စေတီဟု ခေါ်နေကြခြင်းဖြစ်သည်ဟု ဆိုပါသည်။

## ရွှေနန်းကျင်ကျောက်ရုပ်

ရွှေနန်းကျင် နတ်ကွန်းဟု ခေါ်နေကြသော ရွှေနန်းကျင်ကျောက်ရုပ်ရှိရာ နေရာသည် ရွှေနန်းကျင်သေဆုံးသော နေရာဖြစ်သည်။ ရွှေနန်းကျင်သည် ကျားကြီးထွက်လိုက်သဖြင့် ပြေးခဲ့ရာ နောက်ဆုံးတွင် ကျိုက်ထီးရိုး စေတီ ယင်ပြင်ရောက်ကာ နီး၌ အမောဆို့ပြီး လဲလေသည်။ ထိုသို့လဲသောအခါ ကျိုက်ထီးရိုးစေတီတော်အား အာရုံပြု၍ "ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၊ တပည့်တော်မသည် အလွန်မောပန်းနေပါသည်၊ အကယ်၍တမလွန်ဘဝသို့ ပြောင်းရပါအံ့၊မြတ်စွာဘုရားကို အာရုံပြု ဖူးမျှော်လျက် ကြွင်းကျန်ရစ်သော ကျွန်တော်မ၏ ခန္ဓာကိုယ်သည် ဤနေရာမှ မည်သူ တဦးတယောက်ကမျှ ရွှေလျားအောင် ပြုလုပ်၍ မရနိုင်ပါစေသတည်း"ဟု ဆုတောင်းကာ ကွယ်လွန်လေ၏။

ရွှေနန်းကျင် ကွယ်လွန်လေသော် အဖ ဘိုးကော်လွတ်သည် သားပန်းတင်ကို ထိုနေရာတွင် အစောင့် ထားရစ်ခဲ့ပြီး မဲသနရွာသို့ အလျင်အမြန် သွားကာ မယားဖြစ်သူ နန်းကြာဟဲ၊

ဆေးမျိုးများနှင့် ရှာသူရှာသား များကို မိဖုရား ရွှေနန်းကျောင်းလမ်းတွင် ကွယ်လွန်ကြောင်း ပြောလေသည်။ ဤတွင် တရွာလုံးတာ နှမြောတသ ယူကြုံးမရဖြင့် ငိုကြွေးကြလေ၏။

ရှာသူရှာသားများသည် ရွှေနန်းကျောင်း၏အလောင်းကို မဲသနရှားသို့ယူပြီး သဂြိုဟ်ကြရန် အကြံရှိကြသည့်အတိုင်း ရွှေနန်းကျောင်းရုပ်ကလာပ်ရှိရာသို့ လိုက်လာကြပြီးလျှင် အလောင်းကို သူထက်ငါ ပင့်ချီရန် ကြိုးစားကြသော်လည်း ရွှေနန်းကျောင်း၏ မိဋ္ဌာန်ထားချက်အတိုင်းပင် ပင့်ချီ၍ မရလေသော် ထိုနေရာတွင်ပင်မီးသဂြိုဟ်ကြလေသည်။

ရွှေနန်းကျောင်း အမောဆို့ပြီး သေသောနေရာ၌ အများ၏အလှူတော် ငွေဖြင့် ဘုန်းတော်ကြီး ဦးအာဒိစ္စနှင့် ဦးချစ်ရွှေတို့က ရွှေနန်းကျောင်းကျောက်ရုပ် ထုလုပ်ထားလေသည်။ ရွှေနန်းကျောင်းနန်းက လွန်လျှင် ရေတိုင်ကီကြီးသစ ခြားပြီး ကျိုက်ထီးရိုးစေတီတော်သို့ ဦးတိုက်မိပြီ ဖြစ်ပါသည်။

## ယင်ပြင်တော်

ကျိုက်ထီးရိုးစေတီတော် ယင်ပြင်တော်သည် ပေါင်းလောင်းတောင်မှ သီးခြားထိုးထွက်နေသော အစွန်း၏ အမြင့်ဆုံးနေရာတွင် တည်ရှိသဖြင့် အရှေ့ရိုးမ အပါအဝင် အခြားအခြားသောတောင်ထိပ်များနှင့် ဝေးလံစွာ အဆက်ပြတ်နေသည့်အပြင် ထိုတောင်များထက် မြင့်မားဟန်ရှိသည်။

ကျိုက်ထီးရိုးစေတီ ယင်ပြင်တော်မှနေ၍ ဘေးပတ်လည်ကိုကြည့်လိုက်သော် အဝေးမှ မှိုင်းမှိုင်းညို့ညို့မြင်ရသော တောင်ကြီး

များသည် ယင်ပြင်တော်၏ အောက်တွင် ပြားပြားဝပ်မျှ ရှိနေသောကြောင့် ဖြစ်ပါသည်။

ယင်းသို့ အဝေးမှ မိုးပြုပြတောင်ထုကြီးကိုမြင်ရန်မှာ မြူခိုးမိုးတိမ် ကင်းစင်နေသော နွေကာလ မွန်းတည့်အချိန်လောက်မှသာ မြင်နိုင်ပါသည်။ အခြားသော အချိန်များ အထူးသဖြင့် နံနက်ခင်းဆိုလျှင် အရှေ့ရိုးမ တောင်ထွဋ်များသည် ပင်လယ်ရေမျက်နှာပြင်ထက် ပေ ၃၀၀၀ အထက်တွင် မြင့်မားစွာရှိနေခြင်း၊ ထုသယ်ကြီးမားခြင်း၊ တော၏ နက်ရှိုင်းခြင်းတို့ကြောင့် တောင်ခို မြူခိုးတို့သည် ထိုတောင်များအပေါ် ရစ်သန်း ပိတ်ဆို့လျက်နေသဖြင့် ကျိုက်ထီးရိုး ယင်ပြင်တော်ပေါ်သို့ ရောက်နေသူသည် မြူတွေပိတ်ဆီးနေသော တောင်ပင်လယ်ကြီး ထဲကို ရောက်နေသကဲ့သို့ပင် မှတ်ထင်ပေလိမ့်မည်။

ရင်း တောင်ထိပ်များအား ဖုံးလွှမ်းနေသော တောင်ခိုးမြူခိုးများသည် တခါတရံ အနည်းငယ်ပါး၍၊ ရေးရေးမျှ ပေါ်လာသော တောင်ထိပ် တောင်ထွဋ်တို့ကို မြင်ရသည်မှာ တောင်ပင်လယ်ကြီးထဲမှ ဟိုတခုသည်တခု ပေါ်နေသော ကျွန်းကလေးများသဖွယ် ထင်မှတ်စရာပင် ကောင်းတော့သည်။

ယင်ပြင်တော်သည် အစဉ်သဖြင့် လေပြင်း တိုက်ခတ်ခြင်းကို ခံနေရ ပါသည်။ စေတီတော်မှာ အောက်မှ ပင့်တိုက်သော လေကြောင်းအတွင်း ကျနေသည်ဖြစ်၍ အောက်ခြေ ကျောက်သုံးကြီးဘေးမှ လက်ကိုင်ပုဝါကို ပစ်ချလိုက်လျှင် ထိုလက်ကိုင်ပုဝါသည် အောက်သို့မကျဘဲ အထက်လေဆောင်ရာသို့ ပါသွားပေမည်။ ထိုလေဒဏ်မျိုးကြောင့်ပင် ယင်ပြင်တော်ရှိ နောက်ထပ်

အသစ်ဆောက်သော တန်ဆောင်းများကို သံထည်ဖြင့် ဆောက်လုပ်ကြခြင်း ဖြစ်ပေလိမ့်မည်။

ဂေါပကအဖွဲ့၏ အစီအစဉ်ဖြင့် ယင်ပြင်တော်ကို အီတာလျံကျောက်ပြားများ ခင်းထားပါသည်။ ဘုရားဖူးများ များချိန် ပွဲတော်ချိန်၌ တည်းစရာ ခိုနားစရာ ဇရပ် တန်ဆောင်း ကျောင်းထမင်းဆိုင် များတွင် နေရာ မရနိုင်သော အခါ၊ ဘုရားဖူးများသည် ယင်ပြင်တော်မှ ကျောက်ပြားများပေါ်တွင် အိပ်ကြရပါသည်။ ဖျာဖြင့် အိပ်လိုပါက တညတာအတွက် ၂ ကျပ် ၃ ကျပ် စသဖြင့် ငှားသောသူများရှိပါသည်။ သို့ဖျာငှားရာတွင် ဖျာဘိုးငွေအကြေ စပေါ်ပေးထားရရိုး ရှိလေသည်။

## မဟာဗ္ဗလသိန္ဒေ၀နတ်ကြီး

သိကြားမင်းသည် ကျိုက်ထီးရိုး စေတီတော်ကို တည်ပြီးနောက် စေတီတော်အား စောင့်ရှောက်ရန်(ယနေ့ ဘိုးဘိုးကြီးဟုခေါ်နေကြသော) မဟာဗ္ဗလသိန္ဒေ၀ နတ်မင်းကြီးကို တာ၀န်နှင်းခဲ့သည်ဟု ဆိုရိုးစကား ရှိလေလည်း။ ဂေါပကလူကြီးများက ထိုအကြောင်းကို နောင်လာ နောက်သားများ သိကြစေရန် မဟာဗ္ဗလသိန္ဒေ၀နတ်ကြီး၏ ရုပ်ထုကို ကြေးဖြင့် သွန်းပြီး နတ်ကွန်းနှင့်အတူ စေတီတော်၏အနီးတွင် ထားရှိပါသည်။

## နတ်တောင် အထိမ်းအမှတ် တံခွန်တိုင်

ကျိုက်ထီးရိုးစေတီတော်၏ မူလ ယင်ပြင်တော်သည် ယနေ့မြင်ရသကဲ့သို့ ညီညွတ်ကျယ်ပြန့်နေသည် မဟုတ်။ တောင်ပူစာကလေးသဖွယ်ဖြစ်၍ ထိုစဉ်က နတ်တောင်ဟု ခေါ်ခဲ့ကြသည်။

ဂေါပကအဖွဲ့က ယင်ပြင်တော် ကျယ်ပြန့်ရေး၊ သာယာရေး၊ ညီညွတ်ရေးအတွက် ဖြိုဖျက်၍ ပြုပြင်ကြရာတွင် ယခင်က နတ်တောင် ဟူသော သဘော ကျန်ရှိစေလိုသဖြင့် မဖြိုဖျက်ဘဲ အနည်းငယ် ချန်ထားသောနေရာ ရှိလေသည်။ ထိုနတ်တောင် အထိမ်းအမှတ် နေရာတွင် ရန်ကုန်မြို့ ၁၀ လမ်းနေ ပွဲစားကြီး ဦးဘိုးစောနှင့် ဇနီးသားသမီး များက တံခွန်တိုင်ကြီး စိုက်ထူ လှူဒါန်းထားသည်။

## မဟာဗောဓိပင်နှင့် သိမ်

ထိုတံခွန်တိုင်ကြီးအနီးတွင် တောင်ငူမြို့ ရွှေကြက်ယက် ဆရာတော်က မဟာဗောဓိပင်တပင် စိုက်ထားပါသည်။ ဂေါပကအဖွဲ့ကလည်း အရှည်တည်တန့်အောင် သံထည်ဖြင့် သိမ်ကြီးတည်ဆောက်ထားပြီး ယင်ပြင်တော်ကို အီတလျံ ကျောက်ပြားများ ခင်းသည့်အပြင် သစ်သား ဇရပ်ကြီးများလည်း ဆောက်လုပ်လှူဒါန်း ထားလေသည်။

## တန်ဆောင်းဇရပ်များ

မြန်မာသက္ကရာဇ် ၁၂၇၆ ခုနှစ်တွင် ရန်ကုန်မြို့မှ တရုတ်အမျိုးသား အေးကင်ပီနှင့် ဇနီး ဒေါ်သင် သားသမီးတစုက ယင်ပြင်တော်ပေါ်၌သံထည်ဇရပ်ကြီး သုံးဆောင်-ဆောက်လုပ်လှူဒါန်းသည်။

သံထည်ဖြင့် ဆောက်ထားသော တန်ဆောင်း တခုမှာ ရန်ကုန်မြို့ ဦးဘရီ ဒေါ်သန်းမေနှင့် သားသမီးများက သက္ကရာဇ် ၁၂၈၄ ခုနှစ်တွင် လှူဒါန်းထားခြင်း ဖြစ်သည်။

စေတီတော်ရှေ့ သစ်သားအာရုံခံတန်ဆောင်းသည် ဒေးဒရဲမြို့မှ ဒေါ်သော့နှင့် သားသမီးများ၏ ကောင်းမှုဖြစ်သည်။

ယင်ပြင်တော်ပေါ်မှ မှန်လေးမှန်ဖြင့် ဆောက်လုပ်ထားသောသံအာရုံခံ တန်ဆောင်းကြီးဒါယကာမှာ ရန်ကုန်မြို့လတ္တာလမ်း(လသာလမ်း)ဦးကာကာ ဒေါ်တုံနှင့် သားသမီးတစုတို့၏ သက္ကရာဇ် ၁၂၉၀ပြည့်နှစ်က ကောင်းမှုဖြစ်သည်။

ရေစက်ရေကန်ဖြင့် ဆရာတော် ဦးအာဒိစ္စ ကျောင်းသည် အများပြည်သူ ရဟန်းရှင်လူတို့၏ ကောင်းမှုဖြစ်သည်။

ကျိုက်ထီးရိုးစေတီတော်၏ အောက်ခြေ ရသွေ့ ဦးခေါင်းကျောက်လုံးကြီးဖက်သို့ ယင်ပြင်တော်မှ ကူးရန် သံဘန်ဘားသည် ဂေါပကအဖွဲ့မှ ဆောက်လုပ်ထားခြင်း ဖြစ်သည်။

စေတီတော်အောက်ရှိ အာရုံခံသံတန်ဆောင်းမှာ ရန်ကုန်မြို့ ပုဇွန်တောင် ဦးပေါ ဒေါ်မြမေနှင့် သားသမီးများက လှူဒါန်းထားသော တန်ဆောင်းဖြစ်သည်။

## စေတီတော်ဝန်းကျင်တွင်

ကျိုက်ထီးရိုးစေတီ ယင်ပြင်တော်မှအနောက်ဖက်စစ်တောင်းမြို့သို့ ဆင်းရာလမ်းအတိုင်း နှစ်ဖာလုံခန့် ဆင်းလိုက်လျှင် လင်းလွန်းပင်ကျောင်းသို့ ရောက်ပါမည်။ တောင်ငူမြို့ ရွှေကြက်ယက်ဆရာတော်နှင့် ရွှေပန်းတိမ်ဆရာကြီး ဦးနီတို့က လင်းလွန်းပင်တပင် ယူလာပြီး ထိုကျောင်းတွင် စိုက်ထားသည့်အတွက် လင်းလွန်းပင်ကျောင်းဟု ခေါ်ခြင်းဖြစ်ပါသည်။

## နတ်ရေတွင်း

လင်းလွန်းပင်ကျောင်းမှ ဆက်၍ နှစ်ဖာလုံမျှ သွားသော် နတ်ရေတွင်းသို့ ရောက်ပါသည်။ ကျောက်မြောင်ကြားမှ နတ်ရေတွင်းသည် ရေခွက်ကလေးဖြင့် ခပ်ယူနိုင်ရုံသာ လွယ်သော်လည်း တစိမ့်စိမ့် ထွက်နေသောရေမှာ ခပ်၍ မခမ်းနိုင်အောင် ရှိသည်။ ထိုနတ်ရေတွင်းမှ ရေ၏တန်ခိုးသတ္တိသည် ဇွဲပါး ဝေဒနာပျောက်ကင်းသည်ဟု အစဉ်အဆက် အယူရှိကြသဖြင့် အပြန်ခရီးတွင် ဝါးကျည်တောက်များ၊ ရေဗူးများ၊ ပုလင်းများနှင့် ထည့်ကာ အိမ်သို့သယ်ယူသွားကြသူများလည်း ရှိသည်။ ရှေးတရုတ်အမျိုးသားများကမူ နတ်ရေတွင်းမှရေကို မိဘဆွေမျိုးများရှိရာ တရုတ်ပြည်သို့ပင် ပို့ပေးကြသည်ဟု အဆိုရှိလေသည်။

## ကျီးကန်းပါးစပ်

နတ်ရေတွင်းနှင့် တဖာလုံခန့်အကွာတွင် ကျီးကန်းပါးစပ်ဂူ ရှိပါသည်။ ဂူ၏အမိုးကျောက်ဖျာသည် အနည်းငယ် ဟထားသော ကျီးကန်း၏ နှုတ်သီးသဏ္ဌာန်နှင့်တူသောကြောင့် ကျီးကန်းပါးစပ်ဟုခေါ်တွင်ခြင်းဖြစ်သည်။ ဂူထဲတွင် ရုပ်ပွားဆင်းတုတော်များ ရှိပါသည်။ ထိုဂူသည်ကျိုက်ထီးရိုးစေတီတော် သမိုင်းလာ ဝိဇ္ဇာ မိုရ်နှင် နဂါးမ ချစ်ကြိုးသွယ်ခဲ့ကြသော ဂူပင် ဖြစ်လေသည်။

ဟိမဝန္တာမှ ဝိဇ္ဇာမိုရ်လုလင် တဦးသည် ထိုထိုသော တောင်ရိုးတောင်စဉ်တလျှောက် လှည့်လည်ပြီး ဆေးမြစ် ဝါးမြစ် ရှာဖွေဆာမှ ဗုဒ္ဓညာဏ်ရသေ့ကြီး သီတင်းသုံးရာ မုဆိုးတောင်ရှိ

ကျောင်းသင်္ခန်းသို့ ရောက်လာလေသည်။ ရသေ့ကြီး၏တရားဓမ္မကို နာယူရသောအခါ ရသေ့ကြီးအနီးအပါးတွင် တရားစကား မပြတ်ကြား၍ နေလိုသောဆန္ဒ ရှိသဖြင့် မိမိနှင့် သင့်တော်ရာ ဂူတခု၌ နေထိုင်လေ၏။ ထိုဂူသည် ယခုကျိုးကန်းပါးစပ် ဂူပင်ဖြစ်လေသည်။

ထိုအချိန်တွင် နဂါးမတဦးသည် လင်နဂါးမင်း သေဆုံးပြီးနောက် တယောက်တည်းနေရခြင်းကို ငြီးငွေ့လှသဖြင့် ချစ်ဖော်ရှာ၍ ကာမဖြင့် ပျော်မွေ့စွာ နေထိုင်လိုရကား နဂါးပြည်မှ ထွက်ခွာလာခဲ့လေသည်။ ကျိုးကန်းပါးစပ်ဂူ အနီးသို့ ရောက်သောအခါ ဤဂူ၌လူရှိလေမည်လားဟု တနေရာမှ ချောင်းကြည့်လေသော် ဝိဇ္ဇာဓိုရ်လုလင်ကို မြင်လေ၏။

နဂါးမသည် ဝိဇ္ဇာဓိုရ်လုလင်ကိုမြင်မြင်ခြင်း စုံမက်လေရကား ဝိဇ္ဇာဓိုရ် လုလင်သည် ကိစ္စဖြင့် ဂူအပြင်သို့ ထွက်သွားသည်နှင့် ပန်းများကို လျင်မြန်စွာရှာဖွေပြီး ဂူအတွင်း၌ ပန်းမွေ့ယာခင်းထားလိုက်လေသည်။ ထို့နောက် "ဤပုဂ္ဂိုလ်သည် ကာမဂုဏ်ကို လိုလားသူဖြစ်အံ့၊ ငါခင်းသောပန်းမွေ့ယာထက်၌ တက်ရောက်နေလတ္တံ့၊မလိုလားသူဖြစ်အံ့ ဖယ်ရှားပစ်လတ္တံ့"ဟူသော အမှတ်ဖြင့်တနေရာမှ ကြည့်၍နေ၏။

ဝိဇ္ဇာဓိုရ်လုလင်သည် အရပ်တပါးမှ ပြန်လာပြီး ဂူအတွင်းသို့ ဝင်သောအခါ ပန်းမွေ့ယာ ခင်းထားသည်ကို တွေ့လျှင် ပန်းမွေ့ယာပေါ်တွင် တက်၍နေ၏။ နောက်တနေ့လည်း အပြင်မှ ပြန်လာ၍ ရှေးနည်းအတိုင်း ပန်းမွေ့ယာ ခင်းထားသည်ကို တွေ့ရပြန်ရာ စုံစမ်းမှတော်မည်ဟုကြံ၍ နောက်နေ့ မိုးသောက်

အလင်းသို့ရောက်သော် နေ့တိုင်းကဲ့သို့ အရပ်တပါးသို့ ထွက်ဟန် ပြုပြီး တနေရာမှ ချောင်းမြောင်း ကြည့်ရှုကာ နေလေ၏။

နဂါးမသည် ဝိဇ္ဇာဓိုရ်လုလင် ထွက်သွားပြီဟူသော အမှတ် ဖြင့်ဂူတွင်းသို့ဝင်၍ ပန်းမွှေ့ယာခင်းလေသည်။ ဤတွင် ဝိဇ္ဇာ ဓိုရ်လုလင်သည် ဂူတွင်း၌ လူ့အသွင်ဖြင့်ပန်းမွှေ့ယာခင်းနေသော နဂါးမ၏လက်ကိုဆွဲကာ "သင်ကား ဘယ်သူဖြစ်သနည်း၊ အဘယ် ကို လို၍ ပန်းမွှေ့ယာခင်းသနည်း" ဟု မေးလေလျှင် နဂါးမ က "မိမိသည်ဤတောင်ကိုစိုးသော ရက္ခစိုးနတ်မင်း၏ သမီးဖြစ် ကြောင်း၊ အရှက်ကိုမငဲ့နိုင်ဘဲမိတ်ခင်ပွန်းဖွဲ့လို၍ ဤပန်းမွှေ့ယာ ခင်းရကြောင်း" ပြောသသော် ဝိဇ္ဇာဓိုရ်လုလင်သည် နဂါးမကို မြင်ကတည်းက တိမ်းညွှတ်ပြီး ဖြစ်သည့်အတိုင်း ဝမ်းမြောက် ရွှင်လန်းစွာ နဂါးမနှင့်အတူ ဂူအတွင်း၌ မွေ့လျော် ပျော်ပါး စွာ နေထိုင်ကြလေ၏။

နောင်သောအခါ ဝိဇ္ဇာဓိုရ်လုလင်သည် နဂါးမမှန်းသိ၍ စွန့် ပြေးလေရာ နဂါးမသည် ဥနှစ်လုံးကိုဂူထဲတွင်အုချခဲ့၍ နဂါးပြည် သို့ပြန်လေ၏။ ထိုဥနှစ်လုံးမှ လူသားမိန်းကလေး နှစ်ယောက် ပေါက်ဖွားခဲ့ရာ မဲသနရွာစော်ကဲကြီး ဘိုးတော်လွတ်၏ မွေးစား သမီး ရွှေနန်းကျင်နှင့် ကျွဲခြံရွာသူကြီးမွေးစား၍ တိဿမဟာသီဟ ရာဇာမင်းကြီး၏ မိဖုရားကြီးဖြစ်လာသူသည် ဤဥနှစ်လုံးမှ ဖွား သော ညီအမအရင်းဖြစ်သည်ဟု သမိုင်းကဆိုလေသည်။

## နတ်စမ်း

နတ်စမ်းသည် ကျိုက်ထီးရိုးစေတီယင်ပြင်တော် အနောက်ဖက် အောက် တမိုင်ခန့်ဝေးသည့် ချောက်ထဲတွင်ရှိပါသည်။ ရေထွက်

ကောင်းသော ရေတွင်းငယ်တခုသာဖြစ်သည်။ သွားရာလမ်းမှာ မှတ်စေကာသဖြင့် ဘုရားဖူးများ အရောက်နည်းသည်။ သို့သော် ကုန်းတော်ပေါ်မှ ရေသည်များသည် အနီးအနားမှ ရေမရနိုင်သောအခါ ဤနတ်စမ်းကျောက်ရေတွင်းသို့ ဆင်း၍ခပ်ကြသည်။ ပွဲတော်ရက်များတွင် ယင်ပြင်တော်၌ သုံးရေ၊ချိုးရေ၊သောက်ရေ အစ အခက်အခဲရှိဘတ်၍ မျက်နှာသစ်ရန် ရေတဖန်ခွက်ကို ဘမတ်ပေးရသည်မှာ ထိုနတ်စမ်းမှ ရေပင် ဖြစ်ပါသည်။

## ကာကောဏ္ဏဘီလူး

ဝိဇ္ဇာနှင့်နဂါးမှ မေတ္တာမျှားသော ကျီးကန်းပါးစပ်ဂူသည် နေ့ခင်းသောအခါ ကျီးကန်းဘီလူးကြီး လာရောက်နေထိုင်လေ့ရှိသည်ဟု ရှေးလူများက အယူရှိခဲ့သဖြင့် ဂေါပကအဖွဲ့က ကျီးကန်း ပါးစပ်ဂူအနီးတွင် ကာကောဏ္ဏဘီလူးရုပ်နှင့် နတ်ကွန်းကြီးတည် ဆောက်ထားလေသည်။

## မုဆိုးတောင်စေတီ

ဗုဒ္ဓဉာဏရသေ့ကြီး၏တရားဓမ္မပြသမှုကြောင့် လေးနှင့်မြှား ကို စွန့်လွှတ်ကာ အကျွတ်တရားရသောမုဆိုးကြီးကို အကြောင်း ပြု၍ မုဆိုးတောင်ဟု ခေါ်ခြင်းဖြစ်သည်။ ထိုတောင်၌မုဆိုးကြီး နေထိုင်သွားသည်ဆိုသောဂူများ၊ မုဆိုးကြီး၏ဒူးနေရာနှင့် ခြေရာ များ၊ ရက်ရှည်အမဲလိုက်ထွက်နိုင်ရန်အတွက် မသိုးထမင်းလုပ်ဖို့ ထမင်းခြောက်လှမ်းသည့် ကျောက်ဖျာ စသဖြင့် မုဆိုးကြီး၏

လက်ရာခြေရာများ ကျန်ရစ်ခဲ့ပြီး သံအာရုံခံ တန်ဆောင်းကြီး များလည်း ရှိနေသည်။

ထိုတောင်ကို (ဘိုနီကြီးဟု ခေါ်နေကြသော) ဝါဥယျာဉ်သူရဲကြီးစောင့်ရှောက်နေသည်ဟု အဆိုရှိရာ ဂေါပကလူကြီးများက သရုပ်ပေါ်အောင် လမ်းဘေးတွင် ဝါဥယျာဉ်သူရဲကြီးရုပ်နှင့် နတ်ကွန်းတခု ဆောက်လုပ်ထားပါသည်။

## သဲဖြူချောက်

မုဆိုးတောင်၏ အရှေ့ဖက်တောင်ခြေတွင်ရှိသော ရေထွက်ပေါက်ဖြစ်ပါသည်။ ရေအားကောင်းလှပြီး ၉၆ ပါးရောဂါပျောက်သည်ဟု ယုံကြည်သူများရှိသည်။ ထိုသဲဖြူချောက်စမ်းငယ်ကို အစဉ်သန့်သန့်ရှင်းရှင်းရှိနေစေရန် ဂေါပကအဖွဲ့က သက္ကရာဇ် ၁၂၆၆ ခုနှစ်ကစ၍ ပြင်ဆင်ထားသည်။

## ရသေ့တောင်

ကျိုက်ထီးရိုးတောင်၏ တောင်ဖက်ရှိ တောင်တန်းကြီးကို ရသေ့တောင်ဟုခေါ်ကြသည်။ မုဆိုးတောင်သို့ ဗုဒ္ဓဉာဏရသေ့ကြီး ကြွရောက်ကာ မုဆိုးကြီးအား တရားမေ့ပြ၍ အကျွတ်တရားရလေသော် ရသေ့ကြီး၏ဂုဏ်သတင်းသည် အနယ်နယ်အရပ်ရပ်ရှိ ရသေ့များနှင့် သူတော်စင်များထံ ပြန့်နှံ့သွားလေရာ ရသေ့အများက ဗုဒ္ဓဉာဏရသေ့ကြီးအပါး လာရောက်ခိုလှုံကြရာက ထိုတောင်၌ အမြဲနေထိုင်ကြသောကြောင့် ရသေ့တောင်ဟု ခေါ်

ခြင်းဖြစ်သည်။ရှေးက ရသေ့များသီတင်းသုံး နေထိုင်သွားသော ဂူအများအပြား ရှိပါသည်။

## တိုင်းတောင်

ကျိုက်ထီးရိုးစေတီတော်၏ တောင်ဖက်တွင် သီးခြား တည်လျက်ရှိသောတောင်ကြီးကို တိုင်းတောင်ဟုခေါ်ပါသည်။ ဗုဒ္ဓဉာဏရသေ့ကြီး ကြွရောက်သီတင်းသုံးဘူးသဖြင့် ရသေ့တောင်ဟုလည်း ခေါ်သေးသည်။ထိုတောင်ထိပ်၌ကျောက်ရေကန်ရှိသည်။ သက္ကရာဇ် ၁၂၈၄ ခုနှစ်က စစ်ကိုင်းမြို့မှ ဆရာတော် ဦးစန္ဒောဘာသ သည် ထိုတောင်သို့ ကြွရောက် သီတင်းသုံးတော်မူသည်။ ထိုစဉ် ဒီးဒုတ်ဂျာနယ်တိုက်ရှင် (ဗိုလ်ချုပ်အောင်ဆန်းတို့နှင့်အတူ ကျဆုံးကွယ်လွန်ရှာသူ) ဒီးဒုတ်ဦးဘချိုသည် ကျောင်းနှင့် တကွ အရုပ်ရုပ်ပြုပြင်၍ ရုပ်ပွားတော်ဘဆူ လှူဒါန်းထားပါသည်။

## ကြက်မဝပ်တောင်

ကျိုက်ထီးရိုးစေတီတော်၏ အရှေ့ဖက်တွင် ရှိသော တောင်ကြီးကို(ကြက်မဝပ်ဆေးပင်များ ပေါများလှသဖြင့်)ကြက်မဝပ်တောင်ဟုခေါ်ကြသည်။ထိုတောင်တွင် ကြက်မဝပ်ဆေးပင်များသာမက နွယ်လောင်ပင်၊ ဆေးကြောင်ပါးပင်၊ ရှမ်း သွေးဆေးပင် စသော ဆေးပင်ဝါးပင်များနှင့် ဂမုန်းမျိုးစုံပေါက်သဖြင့် နားလည်သူတို့ သွားရောက်ရှာဖွေယူလျက် ရှိကြပါသည်။

# နဂါးဘုရား ဖားဘုရားနှင့် ကျောက်ထပ်ကြီး

မုဆိုးတောင်၏မြောက်ဖက် တမိုင်လောက်တွင် ကျိုက်ထီးရိုး ကလေးစေတီတော် ရှိပါသည်။ ထိုစေတီမှ တမိုင်မျှအဝေးတွင် နဂါးဘုရားနှင့်ဖားဘုရားစေတီနှစ်ဆူသို့ ရောက်ပါမည်။ထိုစေတီ နှစ်ဆူနှင့် ကိုက် ၃၀၀ ခန့်အကွာတွင် ၁၂ တောင်ခန့်မြင့်၍ ပေ ၂၀ ခန့်ကျယ်သော ကျောက်ဖျာကြီးပေါ်မှ ကျောက်ထပ်ကြီး စေတီ နှစ်ဆူကို ဖူးရပါမည်။ ကျိုက်ထီးရိုး ဘုရားဖူးများသည် ကျောက်ထပ်ကြီး စေတီသို့အရောက် ပျော်ပျော်ပါးပါး သီဆို ကခုန်၍ သွားလေ့ရှိကြပါသည်။

ကျောက်ထပ်ကြီး စေတီတော် နှစ်ဆူ၏ အနီးတွင် ရွှေဆိုင်း ရောင်းသူများ ရှိပါသည်။ဘုရားကိုရွှေချပေးပုံမှာ ဤသို့ဖြစ်ပါ သည်။အလှူရှင်သည် ရွှေဆိုင်းကိုဝယ်၍ ချပေးမည့်သူ၏ လက်ထဲ သို့ အပ်လိုက်လျှင် ထိုသူသည် ကျောက်စွန်းတခုမှ စေတီတော် အရောက် သွယ်တန်းထားသော ကျပ်လုံးခန့်တုတ်အောင် ကျစ် ထားသည့်ကြိမ်ကြိုးကို တွဲလွဲခိုကာ ပေ ၁၀၀ ခန့်အဝေးရှိ စေတီ တော်အရောက် လက်နှစ်ဖက်ဖြင့် လွှဲကာလွှဲကာ တွယ်၍သွားပါ သည်။ရွှေချပြီးသည်နှင့် ထိုကြိုးကိုပင် လွှဲကာလွှဲကာဖြင့် ကျောက် စွန်းအထိပြန်လာသည်၊ကြိုးမှာ မြေမှအမြင့်ပေ ၅၀ မျှမြင့်သည်။ အလွန် ကြည့်၍ကောင်းပါသည်။

နဂါးဘုရား၊ဖားဘုရားဟု ဘွဲ့ခေါ်ထားသော စေတီတော်နှစ်ဆူ သည် ကျိုက်ထီးရိုးစေတီတော်သမိုင်းအရ နဂါးမနှင့် ဖားမတို့

ဆုံတွေ့ကြသောနေရာ၌ ဂေါပကအဖွဲ့က သမိုင်းဝင် အထိမ်းအမှတ်အဖြစ် တည်ထားသော စေတီနှစ်ဆူဖြစ်ပါသည်။

## သမိုင်းကြောင်း

သမိုင်းကြောင်းကား ဤသို့ရှိပါသည်။ ဗုဒ္ဓဘာရသေ့ကြီး၊ အကျတ်တရားရသော မုဆိုးကြီး၊ ရသေ့များနှင့် ဝိဇ္ဇာဓိုရ်လုလင်တို့သည် မုဆိုးတောင်တဝိုက်၌ နေထိုင်လျက်ရှိကြစဉ်

မိမိ၏ငယ်ကြင်လင် နဂါးမင်းကွယ်လွန်ပြီးဖြစ်သော နဂါးမသည် ချစ်သူအဖော်ရှာရန် လူ့ပြည်သို့ တက်လာသောအခါ ကျောက်ထက်ကြီး၌ ဖားမကြီးတကောင်ကို တွေ့လေ၏။ ဖားမသည် မိမိ၏အစာဖြစ်သော်လည်း ဗုဒ္ဓဘာရသေ့ကြီး၏ မေတ္တာတန်ခိုးကြောင့် အစာဟူ၍ စားချင်စိတ်မရှိ။ ဖားမကလည်း နဂါးမကို ရန်သူဟူ၍ကြောက်ရွံ့ခြင်းမဖြစ်။ သို့နှင့် အချင်းချင်း မိတ်ဆွေဖွဲ့မိကြလေ၏။

သို့နဂါးမနှင့်ဖားမတို့ စတင်တွေ့ဆုံရာ ကျောက်ထပ်ကြီးနှင့် ကိုက် ၁၀၀ ခန့် အကွာတွင် နဂါးသဏ္ဌာန် ဖားသဏ္ဌာန် ကျောက်စွန်းနှစ်ခု အထင်အရှား ရှိရာ ထိုကျောက်စွန်း နှစ်ခု အထက်၌ နဂါးဘုရား၊ ဖားဘုရား စေတီနှစ်ဆူကို တည်ထားကြခြင်းဖြစ်ပါသည်။

အဆွေခင်ပွန်း ဖြစ်လာကြသောအခါ ဖားမက "အဆွေ နဂါးမ၊ ဤအရပ်သို့ ဘယ်အလို့ငှာ လာပါသနည်း ကျွန်ုပ် တတ်နိုင်ပါက ကူညီပါရစေ" ဟု ဆိုလေလျှင် နဂါးမက "အဆွေ ဖားမ၊ ငါ့ဘင် နဂါးမင်းသေဆုံးသွားသည်နှင့် အဖော်မဲ့စွာ

တကိုယ်တည်းနေရသည်မှာ ပျင်းရိလှသဖြင့် ကာမချမ်းသာဖြင့် ပျော်မွေ့စွာ နေထိုင်အံ့ဟု အဖော်ရှာ ထွက်လာပါသည်”ဟု ပြန်ပြောလေ၏။

ထိုအခါဖားမက“အိုသခင်မ၊ သို့ဖြစ်လျှင် ယခုကျွန်ုပ်တို့နေရာ အရပ်မှ အနောက်တောင်အရပ်သို့ အနည်းငယ် သွားမိလျှင် ဂူကြီးဂူငယ် အသွယ်သွယ်တို့၌ လူသားများရှိပါသည်၊ စုံစမ်းပါလေ”ဟု ညွှန်လေသော် နဂါးမသည် လူယောင်ဖန်ဆင်းကာ ကျိုးကန်းပါးစပ်ဂူသို့သွားပြီး ပန်းမွေ့ယာခင်းရာမှ နောက်ဆုံး၌ ဝိဇ္ဇာဓိုရ်လုလင်နှင့် ချစ်ကြိုးသွယ်မိကြောင်း သမိုင်းဟောင်းတာ ဆိုပါသတည်း။

## နိဂုံး

မြင့်မားသောတောင်တန်းကြီးများနှင့် နက်ရှိုင်းသည့်စိမ့်ကြီး မြိုင်ကြီးများဖြင့် ဝိုင်းရံလျက်ရှိပြီး ပင်လယ်နှင့် တမျှော်မျှသာ ဝေးသော ကျိုက်ထီးရိုးတောင်တဝိုက်တွင် ဝိဇ္ဇာ ဇော်ဂျီများ၊ နဂါးများ၊ နတ်ဘီလူးများ၊ မုဆိုးကြီးများ၊ သူတော်စင် ရသေ့များ ပါဝင်သော ထူးဆန်းလှသည့် ပုံပြင် သမိုင်းများသည် ပြည့်နှက်လျက် ရှိပါသည်။

အချို့သော အကြောင်းအရာများသည်တား ချွဲ၍ ပြောဆိုကြသည့်လည်း ရှိ၍ အချို့မှာ အမှန်နှင့်နီးစပ်သည်ကို တွေ့ရပါသည်။ မည်သို့ပင်ဆိုစေ ထိုတောင်ထိပ်အစွန်း၌ အံ့သြဖွယ်ရာ စံပယ်လျက်ရှိသော ကျိုက်ထီးရိုးစေတီတော်ကိုမူကား ယနေ့ မျက်ဝါးထင်ထင် ဖူးမျှော်နိုင်ကြပါသည်။

ကျိုက်ထီးရိုးစေတီတော်သို့ ဖူးမျှော်ရန်လာကြသော ဘုရားဖူးများထဲတွင် မြောက်ပိုင်းဗုဒ္ဓသာသနာ(မဟာယာနဂိုဏ်း)ဝင် တရုတ်အမျိုးသားနှင့် အမျိုးသမီးများသည် အလွန်ဖွဲ့သန်ကြပါသည်။ မဟာယာန၏ အယူအရ အချို့အချို့သော စေတီများ၊ ဗုဒ္ဓရုပ်ထုများ၊ ဘုရားအလောင်း ကိုယ်ပွား ရုပ်ထုများသည် ဆည်းကပ်ကိုးကွယ်သူများအား ဓိဋ္ဌာန်မှု အကျိုးပေးသည်ဟု အယူရှိပေရာ ဤထူးခြားဆန်းကြယ်လှသော ကျိုက်ထီးရိုးစေတီတော်ကို လာရောက်ဖူးမျှော်ပြီးနောက် ဆုတောင်းသည့် အတိုင်း ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်ကြသည်ဟု ယုံကြည်ကြလေသည်။

ဤစာအုပ်တွင် ပွဲတော်ရက်များဟု သာမည ဆိုလိုက်သော်လည်း ကျိုက်ထီးရိုး စေတီတော်သည် အခြား အခြားသော စေတီတော်များကဲ့သို့ ပွဲတော်ရက်ဟူ၍ သီးသန့်မရှိပါ။ သီတင်းဝါလကျွတ်ပြီး မိုးပါး၍ ခြေခင်းလက်ခင်း သာယာလာသော အချိန်မှစ၍ တပေါင်းလကုန်အထိလောက်သည် ပွဲတော်ရက်များပင် ဖြစ်နေပါသည်။ အစည်ကားဆုံးအချိန်မှာ နတ်တော်ပြာသိုဖြစ်သည်။ ထိုအချိန်မျိုးတွင် ယင်ပြင်တော်ပေါ်၌ တည်းခိုနားခနေရန်ပင် နေရာ မရနိုင်တော့သဖြင့် ဘုရားဖူးများသည် ကင်ပွန်းစခန်းမှ ညအချိန် မီးတုတ် မီးတိုင်များနှင့် တက်ကြ၍ နံနက်စောစောဘုရားဖူးပြီးလျှင် ပတ်ဝန်းကျင်သို့ လှည့်လည်ကြသည်။ ညနေစောင်းမှဆင်းတာ ကျိုက်ထိုတွင် ပြန်အိပ်လေ့ရှိပါသည်။

အချုပ်ဆိုရသော် စစ်တောင်းမြို့သူ မြို့သားများအား မြို့ဝန်

မင်းလှသင်္ခသူ မိန့်ကြားချက်အတိုင်း “ကျိုက်ထီးရိုး စေတီတော်ကို အဖူးအမျှော် မရောက်သေးလျှင် လူဖြစ်ကျိုးမနပ်သေး” ဟုသာ ဆိုချင်ပါသည်။

ဦးတင်ဟိန်း

## ဗုဒ္ဓဘာသာဝင်တိုင်း

# လေ့လာဖတ်ရှုထိုက်သည့် စာအုပ်များ

| | | | |
|---|---|---|---|
| ၁။ | မဟာမင်္ဂလာဘုရားရှိခိုးအမျိုးမျိုး နှင့် အန္တရာယ်ကင်း ပရိတ်တော်များ | | ၈-၀၀ |
| ၂။ | တိဘက်မှ ဗုဒ္ဓဘာသာ | ဆရာမာဃ | ၄-၀၀ |
| ၃။ | ရှင်ဥပဂုတ် | မင်္ဂလာဦးအောင်မြင့် | ၅-၀၀ |
| ၄။ | ဗုဒ္ဓအမြင် | ဆရာဦးဆန်းထွန်း | ၁၅-၀၀ |
| ၅။ | ရွှေစည်တရားတော်များ | ရွှေစည်ဆရာတော် | ၁၅-၀၀ |
| ၆။ | ရွှေစည်ဝတ်ရွတ်စဉ် | ။ | ၁၀-၀၀ |
| ၇။ | ဆ ဆက္ကသုတ္တန် (ပါဠိတော်နှင့် မြန်မာပြန်) | ရွှေစေတီ ဆရာတော် | ၈-၀၀ |
| ၈။ | ရှင်သီဝလိ | မင်္ဂလာဦးအောင်မြင့် | ၄-၀၀ |
| ၉။ | ရွှေစေတီတရားတော်များ | ရွှေစေတီဆရာတော် | ၁၀-၀၀ |

စာပေလောက စာအုပ်တိုက်
အမှတ် ၁၇၃၊၃၃လမ်း၊ ရန်ကုန်မြို့။



# ကျိုက်ထီးရိုးဘုရားသမိုင်းနှင့်ကျိုက်ထီးရိုးလမ်းညွှန်